# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလကွယ် ၊ အင်္ဂါနေ့ ၊ (14-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၇၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## မင်းဘူးမြို့တွင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၃

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် မြန်မာ့မီးရထားဘူတာနှင့် မီးရထားကွန်ကရစ်စက်ရုံဝင်းအတွင်း ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားသည့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့များ၊ဆရာ၊ဆရာမများ၊ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၁၆ ကော်လံ ၁

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၂၁

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၂၆

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်**

စာမျက်နှာ - ၂၇

## ဈေးကွက်ဝယ်လိုအားကောင်းနေသည့် ရိုဘက်စတာကော်ဖီကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သီးညှပ်သီးနှံအဖြစ် ဧက ၁၀၀၀ စိုက်ပျိုးနေ



သီးညှပ်စိုက်ပျိုးထားသည့် ရိုဘက်စတာကော်ဖီစိုက်ခင်းကို တွေ့ရစဉ်။

ရန်ကုန် ဇူလိုင် ၁၃

ပြည်တွင်း သောက်သုံးမှုနှင့် ပြည်ပဝယ်လိုအား ကောင်းသည့် ရိုဘက်စတာကော်ဖီကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သီးညှပ်သီးနှံအဖြစ် ဧက ၁၀၀၀ စိုက်ပျိုးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ဈေးကွက်ဝယ်လိုအားကြောင့် တောင်ပေါ်ဒေသအပြင် မြေပြန့်ဒေသများတွင်လည်း ဒေသနှင့်ကိုက်ညီသည့် ကော်ဖီမျိုးစိတ်ကို တိုးချဲ့စိုက်ပျိုးလာရာ ရန်ကုန်တိုင်းဒေသကြီး၌

စာမျက်နှာ ၂၃ ကော်လံ ၁

## အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ အဝင်ခရီးသည်များအနေဖြင့် သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးကြေညာခြင်း

၁။ နယ်စပ်ဝင်ပေါက်များမှလည်းကောင်း၊ ပင်လယ်ရေကြောင်းဝင်ပေါက်များမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှလည်းကောင်း ဝင်ရောက်လာသော မိုဘိုင်းလက်ကိုင်ဖုန်းများကို CEIR စနစ်တွင် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်(ရန်ကုန်၊ နေပြည်တော်၊ မန္တလေး)တို့မှ ဝင်ရောက်လာသည့် ခရီးသည်များနှင့်အတူပါရှိလာသည့် (ခရီးသည်တစ်ဦးလျှင် လက်ရှိအသုံးပြုနေသည့် ဖုန်းအပါအဝင် မိုဘိုင်းလက်ကိုင်ဖုန်းနှစ်လုံးသာ သယ်ယူခွင့်ပြုပါသည်) မိုဘိုင်းလက်ကိုင်ဖုန်းများကိုသာ CEIR စနစ်တွင် မှတ်ပုံတင်ရန်အတွက်

စာမျက်နှာ ၂၃ ကော်လံ ၄

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၁၄ ရက်
အယ်ဒီတာ့အာဘော်

## ပြည်တွင်းလေဆိပ်ကွန်ရက်ကို ပိုမိုအားကောင်းလာစေမည့် အနီးစခန်းလေဆိပ်

နိုင်ငံတော်အစိုးရအနေဖြင့် ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများကို အင်တိုက်အားတိုက် ဖြည့်ဆည်းတည်ဆောက်လျက်ရှိသည်။ ထိုကဲ့သို့ ဖြည့်ဆည်းတည်ဆောက်ရာတွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လေကြောင်းပို့ဆောင်ရေးကဏ္ဍကို ဦးစားပေးကဏ္ဍအဖြစ်သတ်မှတ်၍ ပြင်ဦးလွင်အနီးစခန်းလေဆိပ်ကို ဖွင့်လှစ်ပေးခဲ့သည်။

အနီးစခန်းလေဆိပ်သည် လွတ်လပ်ရေးမရမီကာလကတည်းက ဖောက်လုပ်တည်ရှိခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသော လေဆိပ်တစ်ခုဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အတွင်း ဒါကိုတာလေယာဉ်များ၊ တပ်မတော်(လေ) မှ ဖော်ကာအက်ဖ်-၂၇ လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲအသုံးပြုခဲ့သည်။ ယခင်က လေယာဉ်ပြေးလမ်းအလျားပေ ၄၄၅၀ နှင့် အကျယ် ပေ ၂၀၀ ရှိသည့် ကျောက်ရောမြေကြီးကွင်းတစ်ခုသာဖြစ်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် မူလလေယာဉ်ပြေးလမ်းကို အလျားပေ တစ်သောင်းထိ ရရှိရေးအတွက် တစ်ဆက်တည်းရှိနေသည့် မြောက်ဘက်ကို တိုးချဲ့တည်ဆောက်ပြီး ကွန်ကရစ်ခင်း လေယာဉ်ရပ်နားနေရာကိုလည်း အလျား ပေ ၆၀၀၊ အနံ ပေ ၃၀၀ တည်ဆောက်ခဲ့ရာ ၂၀၀၆ ခုနှစ်၌ ပြီးစီးခဲ့ပြီးဖြစ်သည့်အတွက် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဆင်းသက်အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံတွင် ပုံမှန်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုနှင့် ပြည်တွင်းလေဆိပ် ၂၈ ခုရှိသည်။ ယခုအခါ ပြင်ဦးလွင်မြို့ရှိ အနီးစခန်းလေဆိပ်သည် ပြည်တွင်းလေဆိပ်ကွန်ရက်ကို ပိုမိုအားကောင်းလာစေမည့် လေဆိပ်တစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြင်ဦးလွင်ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ပညာရေးမြို့တော် စသည်ဖြင့်မျှော်မှန်းပြီး နိုင်ငံ့ဂုဏ်ဆောင်မြို့ကြီးတစ်ခုအဖြစ် တည်ဆောက်နေသည်။ ထို့ကြောင့် ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာလာရောက် လည်ပတ်နိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အနီးစခန်းလေဆိပ်ကို လေဆိပ်တစ်ခု၏အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရန် အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၃ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အထူးသဖြင့် ယခုအနီးစခန်းလေဆိပ်သည် ပြင်ဦးလွင်ဒေသ၏ ခရီးသွားကဏ္ဍတစ်ခုတည်းအတွက်သာမကဘဲ နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ (ICT Sector)ကိုပါ တိုးတက်မြင့်မားရေးအတွက် ဗဟိုချက်မဖြစ်သည့် **"ရတနာပုံ ဆိုက်ဘာစီးတီး"**ကို ကမ္ဘာ့အဆင့်မီ Silicon Valley တစ်ခုအဖြစ် ပေါ်ထွန်းလာစေရေး ရည်ရွယ်ဆောင်ရွက်ရာတွင် အဓိကကျသည့် လေကြောင်းဆက်သွယ်ရေးတံခါးပေါက် (Strategic Gateway) ဖြစ်လာမည်လည်းဖြစ်သည်။

အနီးစခန်းလေဆိပ်သည် ရှမ်းပြည်နယ်ရှိ လေဆိပ်များအပါအဝင် မြန်မာနိုင်ငံအနှံ့အပြားရှိ လေဆိပ်များနှင့် ကွန်ရက်ချိတ်ဆက်ပျံသန်းသည့် လေကြောင်းခရီးစဉ်များကိုအထောက်အကူပြုပြီး ကုန်သွယ်ရေးနှင့်နည်းပညာစီးဆင်းမှုများမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ကြဉ်းပေးမည့် လေဆိပ်တစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မည်ဟု ယုံကြည်ရေးသားလိုက်ရပါသည်။

## မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေချိုဘူတာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ရေချိုဘူတာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၁ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၅၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၆၀၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၆၀၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၃၄၅၀၀ စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၆၀၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲစင်းငုံဧက ၃၄၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှား ရောဂါကင်းစင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

## အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**အိမ်မဲ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးရှဉ့်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်များကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာ တင်ပို့အားကောင်းခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို ငါးရှဉ့်တွေ အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အခုလို ငါးရှဉ့်တွေ တင်ပို့အားကောင်းလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်"ဟု အိမ်မဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးရှဉ့်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဈေးကွက်များကို ပြန်လည်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ဝမ်းတွင်းမြို့နယ် မဒင်း(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ မဒင်းကျေးရွာအုပ်စု မဒင်း(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မဒင်း(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၄ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ၊ စီမံကိန်း ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မဒင်း(န)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၆၂ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၄ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# သာစည်မြို့နယ် မောင်းတိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**သာစည် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မောင်းတိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဦးဇော်မင်းထွန်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် ဝန်ထမ်းများက မောင်းတိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဦးဇော်မင်းထွန်းက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မောင်းတိုင်ကျေးရွာ၌ လမ်းအရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၆၅ ဒသမ ၃၄ သန်းဖြင့် ရတနာလမ်းကုမ္ပဏီက ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဆက်လှ**

# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကနီ ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၂၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၉၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ နေကြာ ၃၉၃၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၈၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# ကျောက်ဆည်မြို့နယ် မြေစိုမိုးကောင်းကျေးရွာ၌ တောင်သူများကို မျိုးစပါးနှင့် သွင်းအားစုများပေးအပ်

**ကျောက်ဆည် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနက အခြေခံသမဝါယမအသင်းသား တောင်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး မျိုးစပါးနှင့် သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက မြေစိုမိုးကောင်းကျေးရွာ၌ မိုးစပါးစိုက် တောင်သူများကို မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းအောင်က မျိုးစပါးနှင့် သွင်းအားစုများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြေစိုမိုးကောင်းကျေးရွာ အခြေခံသမဝါယမအသင်းမှ မိုးစပါးစိုက်တောင်သူ ဦးရေ ၃၀ ကို မိုးစပါးဧက ၁၃၀ စိုက်ပျိုးရန်အတွက် မျိုးစပါးနှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ဒေသတွင်း ဆန်စပါးဖူလုံပိုလျှံရေးအတွက် မိုးစပါးစိုက်ပျိုးမည့် အခြေခံသမဝါယမအသင်း ၁၆ သင်းရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပလာတူးငါးပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပလာတူးငါးပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သဘာဝအတိုင်းဖမ်းယူရရှိသည့် ပလာတူးငါးများ၊ မွေးမြူရေးပလာတူးငါးများကို တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်း ပလာတူးငါးပိသာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပလာတူးငါး ပိသာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားလာခြင်းကြောင့် တင်ပို့ရောင်းချအား တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လထဲမှာ ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပလာတူးငါး ပိသာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်က ပလာတူးငါးအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်က ပလာတူးငါးကို အခုလထဲမှာလဲ ဝယ်ယူတာများနေပါတယ်" ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါး ၁၀ ပိသာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပလာတူးငါးများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း ဘိုကလေးမြို့နယ်ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၀)

ပါမောက္ခကိုကိုအောင်




**Although the body needs minerals, the required amount is very small. If one consumes a balanced diet, the body can obtain these minerals in sufficient quantities.**

**Prof. Ko Ko Aung**

**သတ္တုဓာတ်များ**

ဘဝတစ်သက်တာ ကျန်းမာရေးအတွက် ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်နှင့် ပိုတက်စီယမ် စသောသတ္တုဓာတ်များကလည်း ခန္ဓာကိုယ်၏ ဇီဝယန္တရားလည်ပတ်မှုအတွက် အထူးအရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နေကြသည်။

**ကယ်လ်စီယမ်**

ကယ်လ်စီယမ်က အရိုးနှင့်သွားများကို သန်မာစေသည့်အပြင် အရိုးပါးရောဂါဖြစ်ပွားခြင်းမှကာကွယ်ပေးသည်။ ကြွက်သားများ ညှစ်အားကောင်းခြင်းနှင့် နှလုံးခုန်မှန်ခြင်းတို့အတွက် ကယ်လ်စီယမ်ကို လိုအပ်သည်။

ထို့ပြင် အာရုံကြောများက အချက်ပြမှုများကို ပို့လွှတ်ရာတွင် ကယ်လ်စီယမ်က အကူအညီပေးသည်။ အလားတူပင် သွေးခဲခြင်းဖြစ်စဉ်အတွက်လည်း ကယ်လ်စီယမ်က အရေးပါသည်။

ကယ်လ်စီယမ်ကြွယ်ဝသော အစားအစာများမှာ နို့နှင့် နို့ထွက်ပစ္စည်းများဖြစ်ကြသော ဒိန်ချဉ်၊ ဒိန်ခဲ၊ အစိမ်းရင့်ရောင်ရှိသော ဟင်းသီးဟင်းရွက်များဖြစ်သည့် ကိုက်လန်၊ မုန်ညင်း၊ ပန်းဂေါ်ဖီစိမ်း၊ အရိုးကိုပါစား၍ရသော ငါးအသေးလေးများ၊ ဆာဒင်းငါး၊ ပဲအမျိုးမျိုး၊ သစ်သီးခြောက်များ (အထူးသဖြင့် စမုန်စေ့)၊ ကယ်လ်စီယမ်ဖြည့်စွက်ထားသောပဲနို့၊ သစ်သီးဖျော်ရည်များနှင့် ကွေကာတို့ဖြစ်ကြသည်။

**မဂ္ဂနီစီယမ်**

မဂ္ဂနီစီယမ်က ခန္ဓာကိုယ်အတွင်းရှိ ဇီဝဆိုင်ရာဖြစ်ပျက်မှုပေါင်း ၃၀၀ ခန့်အတွက် ကူညီဆောင်ရွက်ပေးသော ဓာတ်ကူပစ္စည်းအဖြစ် ဆောင်ရွက်ပေးသည်။ ထို့ပြင် ကြွက်သားနှင့် အာရုံကြောတို့၏ လုပ်ငန်းဆောင်တာများကို ပုံမှန်လုပ်ဆောင်စေသည်။

ကြွက်သားကျုံ့မှုကို ထိန်းညှိပေးသကဲ့သို့ သွေးပေါင်ချိန်ကိုလည်း ထိန်းညှိပေးပြီး နှလုံးခုန်နှုန်းကို မှန်ကန်စေသည်။ ခုခံအားစနစ်ကို အားကောင်းစေပြီး အရိုးများကိုလည်း သန်မာစေသည်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိရာ၌လည်း မဂ္ဂနီစီယမ်က အထောက်အကူပြုပေးသည်။

မဂ္ဂနီစီယမ်ကြွယ်ဝသော အစားအစာများမှာ အစိမ်းရင့်ရောင်ရှိသော ဟင်းသီးဟင်းရွက်များဖြစ်သည့်ဟင်းနုနယ်၊ ကိုက်လန်၊ အစေ့အဆန်များဖြစ်ကြသော ဗာဒံစေ့၊ မြေပဲ၊ ကုလားပဲနှင့် ပဲကြီးစသော ပဲအမျိုးမျိုး၊ ငှက်ပျောသီး၊ ထောပတ်သီး၊ တိုဟူး၊ ဂျုံကွေကာနှင့် ချောကလက်အမည်း (Dark Chocolate)တို့ဖြစ်ကြသည်။

**ပိုတက်စီယမ်**

ပိုတက်စီယမ်က ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်မျှတမှု (Fluid Balance )ကို ထိန်းညှိပေးသည်။ အာရုံကြောဆဲလ်များနှင့် ကြွက်သားဆဲလ်များ (အထူးသဖြင့် နှလုံးကြွက်သား)၏ လုပ်ငန်းဆောင်တာများအတွက် ပိုတက်စီယမ်က အထူးအရေးကြီးသည်။

ထို့ပြင် ပိုတက်စီယမ်က နှလုံးခုန်နှုန်းကို မှန်စေသကဲ့သို့ သွေးပေါင်ချိန်ကိုပါကျစေပြီး ဆိုဒီယမ်၏ ဆိုးကျိုးများကိုလည်း ထိန်းညှိပေးသည်။

ပိုတက်စီယမ်ကြွယ်ဝသော အစားအစာများမှာ ငှက်ပျောသီး၊ လိမ္မော်သီး၊ သဖန်းသီး၊ သဘော်သီး၊ ဖရဲသီး၊ အခွံပါအာလူး၊ ခရမ်းချဉ်သီး၊ ဟင်းနုနယ်၊ ပန်းဂေါ်ဖီစိမ်း၊ ပဲအမျိုးမျိုး၊ အသားနှင့် ငါးတို့ဖြစ်ကြသည်။

အမျိုးအမည်စုံလင်သည့် အစားအစာများကို စားသုံးခြင်းအားဖြင့် ဤသတ္တုဓာတ်ကို လုံလောက်စွာ ရရှိနိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်စေသည်။

**ဆိုဒီယမ်**

ဆိုဒီယမ်သည် ခန္ဓာကိုယ်အတွက် အလွန်အရေးကြီးသော သတ္တုဓာတ်တစ်မျိုးဖြစ်သည်။ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်တို့အပြင် ဆိုဒီယမ်အပါအဝင် အခြားသောသတ္တုဓာတ်များကိုလည်း ခန္ဓာကိုယ်က လိုအပ်သည်။

ဆိုဒီယမ်ကို ဆားစားသုံးခြင်းမှ အဓိကရရှိသည်။ ဆိုဒီယမ်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်သတ္တုဓာတ်ဖြစ်သော်လည်း လိုအပ်သည်ထက် ပိုမိုစားသုံးမိပါက ကျန်းမာရေးပြဿနာများ (ဥပမာ – သွေးတိုးရောဂါ) ဖြစ်ပွားလာနိုင်သည်ကို အထူးသတိပြုရန်လိုအပ်သည်။

**❖ အာရုံကြောများက အချက်ပြမှုများကို ပို့လွှတ်ရာတွင် ကယ်လ်စီယမ်က အကူအညီပေးသည်။ အလားတူပင် သွေးခဲခြင်းဖြစ်စဉ်အတွက်လည်း ကယ်လ်စီယမ်က အရေးပါသည်။ ကယ်လ်စီယမ်ကြွယ်ဝသောအစားအစာများမှာ နို့နှင့် နို့ထွက်ပစ္စည်းများဖြစ်ကြသော ဒိန်ချဉ်၊ ဒိန်ခဲ၊ အစိမ်းရင့်ရောင်ရှိသော ဟင်းသီးဟင်းရွက်များဖြစ်သည့်ကိုက်လန်၊ မုန်ညင်း၊ ပန်းဂေါ်ဖီစိမ်း၊ အရိုးကိုပါစား၍ရသော ငါးအသေးလေးများ၊ ဆာဒင်းငါး၊ ပဲအမျိုးမျိုး၊ သစ်သီးခြောက်များ (အထူးသဖြင့် စမုန်စေ့)၊ ကယ်လ်စီယမ်ဖြည့်စွက်ထားသော ပဲနို့၊ သစ်သီးဖျော်ရည်များနှင့် ကွေကာတို့ဖြစ်ကြသည်။ ❖**

ဆိုဒီယမ်က ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်မျှတမှုကို ထိန်းညှိပေးသည်။ အာရုံကြောနှင့် ကြွက်သားဆဲလ်များ၏ လုပ်ဆောင်မှုကိုလည်း ကူညီပေးသည်။ အာရုံကြောလှုံ့ဆော်မှုများကို လက်ခံနိုင်ရန်အတွက် အရေးပါသကဲ့သို့ သွေးဖိအား (သွေးပေါင်ချိန်)ကို ထိန်းညှိရာ၌လည်း ပါဝင်ကူညီဆောင်ရွက်ပေးသည်။

ဆားပါသော အစားအစာအားလုံးနှင့် တာရှည်ခံအောင် စီမံပြုလုပ်ထားသော ဝက်အူချောင်း၊ ဝက်ပေါင်ခြောက်၊ ဆားနယ်ငါးအမျိုးမျိုး၊ ဟင်းခတ်အမွှေးအကြိုင်များကို ပေါင်းစပ်ရောနှောထားသည့် ဟင်းခတ်မှုန့်များနှင့် ဟင်းအနှစ်မှုန့်များ၊ အချိုရည်များ၊ သရေစာများ၊ ပြုပြင်ထားသည့် အသင့်စားခေါက်ဆွဲခြောက်များ၊ ဘီစကွတ်၊ ဒိန်ခဲတို့တွင် ဆိုဒီယမ်ကြွယ်ဝစွာပါဝင်နေသည်။

လတ်ဆတ်သော အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များတွင်မူ သဘာဝအလျောက် ဆိုဒီယမ်ပါဝင်နေမှုက အလွန်နည်းပါးသည်။

သတိပြုရန်အချက်မှာ ခန္ဓာကိုယ်ကျန်းမာရေးအတွက် ဆိုဒီယမ်အလွန်ကြွယ်ဝသော ဆားကို ပမာဏအနည်းငယ်မျှဖြင့် မှန်မှန်စားသုံးသွားရန် အရေးကြီးသည်။

**ဆီလီနီယမ်**

ဆီလီနီယမ်သည် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်တိုးဆန့်ကျင်စနစ်အတွက် အဓိကကျသော ဓာတ်တစ်မျိုးဖြစ်သည်။ တစ်နည်းဆိုရသော် ဆဲလ်များကို ပျက်စီးခြင်းမှ ကာကွယ်ပေးသော ဓာတ်တိုးဆန့်ကျင်အင်ဇိုင်း (Antioxidant Enzyme)များ၏ အဓိကအစိတ်အပိုင်းဖြစ်သည်။

သိုင်းရွိုက် ဟော်မုန်းများ၏ ဇီဝဆိုင်ရာဖြစ်ပျက်မှုအတွက် အရေးပါပြီး ကိုယ်ခံအားစနစ်ကိုလည်း အားကောင်းစေသည်။

ဘရာဇီး အခွံမာသီး (Brazil Nuts)က ဆီလီနီယမ် အလွန်ကြွယ်ဝသော အာဟာရဖြစ်သည်။

ပင်လယ်စာများဖြစ်ကြသော ခုံး၊ ပုစွန်၊ တူနာငါး၊ အသား၊ ကြက်ဥနှင့် အရည်အသွေးမီ စားအုန်းဆီတို့ကလည်း ဆီလီနီယမ်ကြွယ်ဝသော အစားအစာများ ဖြစ်ကြသည်။

ဆီလီနီယမ်အပါအဝင် သတ္တုဓာတ်များ အားလုံးသည် ခန္ဓာကိုယ်၏ ပုံမှန်လုပ်ငန်းဆောင်တာများအတွက် အရေးကြီးသည့်အားလျော်စွာ မည်သည့်ဓာတ်တစ်မျိုးတည်းကိုမျှ အလွန်အကျွံမှီခိုရန်မလိုဘဲ စုံလင်စွာစားသုံးခြင်းကသာလျှင် သတ္တုဓာတ်များကို လုံလောက်စွာ ရရှိစေလိမ့်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အို... ဘယ့်ဝန်းကျင်

- ဤနေရာ၌ နီးတစ်ဝိုက်မှာ
အမှိုက်ပစ်သင့် မပစ်သင့်ဟု
သိသင့်သော်ငြား စာရေးသား၍
ဟန့်တားနေရ လူ့လောက။

- ကွမ်းတံတွေးကို
နီးဝေးမကွယ် မြင်မဖွယ်အောင်
အလွယ်ထွေးသင့် မထွေးသင့်ဟု
သိသင့်သော်ငြား စာရေးသား၍
ဟန့်တားနေရ လူ့လောက။

- ယာဉ်ကြောကျပ်သည့်
ထူထပ်ရာမြင် လမ်းဘေးတွင်တည့်
ယာဉ်ရပ်ထားသင့် မထားသင့်ဟု
သိသင့်သော်ငြား စာရေးသား၍
ဟန့်တားနေရ လူ့လောက။

- စသည်စသည်
ဖော်ပြဟန့်တား ဤစာသားတို့
နီးနားတစ်ခို မြင်သည်ဆိုတိုင်း
ကိုယ်အပါဝင် လူ့ဝန်းကျင်၏
ဆင်ခြင်နည်းမှု သတိပြုလျက်
ကုစားဖို့ရေး စိတ်မအေးသည်
တွေးရင်းရှက်မိ ပါတကား။ ။

ချစ်စုအောင်

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၅၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၅၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၆၀၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၅၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# စဥ့်ကိုင်မြို့နယ် မက္ခရာကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကိုင် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မက္ခရာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ပိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မက္ခရာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ခင်ပိုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မက္ခရာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ်၂၀ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၈ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို VRFP စီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

# တောင်တွင်းကြီးမြို့နယ် ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်နီပင်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်နီပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ်သိန်း၂၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၄ သိန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်




# ဆီးရီးယား၌ လွှတ်တော်သစ် အစည်းအဝေးများစတင်



ဒမတ်စကတ်စ် ဇူလိုင် ၁၃

ဆီးရီးယားနိုင်ငံ၏ လွှတ်တော်သစ်သည် ၎င်းတို့၏ ပထမဆုံး အစည်းအဝေးများကို ဇူလိုင် ၁၂ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆီးရီးယား လွှတ်တော်သစ်၏ အဆိုပါ ပထမဆုံး အစည်းအဝေးများကို သမ္မတ အယ်လ်ရှာရား ဦးဆောင်သည့် အစိုးရအဖွဲ့သစ် အာဏာရရှိခဲ့ပြီး ၁၉ လအကြာတွင် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားလွှတ်တော်က လက်ရှိတွင် ရရှိထားသော အခွင့်အာဏာများမှာ အကန့်အသတ်ရှိနေဆဲဖြစ်သော်လည်း လွှတ်တော်ဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ခဲ့မှုသည် ဆီးရီးယားနိုင်ငံ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်အတွက် အဓိက ခြေလှမ်းတစ်ရပ်ဖြစ်ခဲ့သည်။

ဇူလိုင် ၁၂ ရက် လွှတ်တော်သစ် အစည်းအဝေးသို့ ဆီးရီးယား သမ္မတ အယ်လ်ရှာရားကိုယ်တိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ကြောင်း ဆီးရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါမိန့်ခွန်းတွင် သမ္မတ အယ်ရှာရားက ဆီးရီးယား လွှတ်တော်သစ်ကို အမှန်တရားနှင့် တရားမျှတမှုတို့၏ စကြိုပလက်ဖောင်းအဖြစ် ရည်ညွှန်းခဲ့သည်။

လက်ရှိ ဆီးရီးယားလွှတ်တော်သစ်တွင် အမတ်နေရာ ၂၁၀ ရှိပြီး သုံးပုံနှစ်ပုံကို ဒေသန္တရလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ရေးအဖွဲ့များက ရွေးချယ်ပေးထားပြီး ကျန်တစ်ပုံကို သမ္မတ အယ်လ်ရှာရားက ရွေးချယ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်းနိုင်ငံ ချော်နိုမော့ခ်ဆိပ်ကမ်းကို ရုရှားတပ်များ ပြင်းထန်စွာတိုက်ခိုက်




မော်စကို ဇူလိုင် ၁၃

စစ်ဘက်ဆိုင်ရာ ကုန်ပစ္စည်းများ အတင်အချ ပြုလုပ်ရာတွင် ယူကရိန်း လက်နက်ကိုင်တပ်များ အသုံးပြုနေသည့် ချော်နိုမော့ခ် ဆိပ်ကမ်းကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားတပ်များအနေဖြင့် ချော်နိုမော့ခ်ဆိပ်ကမ်း၏ စစ်လက်နက်ပစ္စည်း အတင်အချပြုလုပ်ရန် အခြေခံ အဆောက်အအုံများ၊ လောင်စာဆီ သိုလှောင်ကန်များ၊ လက်နက်ခဲယမ်း သိုလှောင်ရုံများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ယူကရိန်းတပ်မတော်၏ ကူးတို့သင်္ဘောနှစ်စီးနှင့် ကုန်သေတ္တာတင် သင်္ဘောတစ်စီးတို့ကိုလည်း ရုရှားတပ်များက ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။

ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်ထိ ရုရှားတပ်များ၏ တိုက်ခိုက်မှုကြောင့် ချော်နိုမော့ခ်ဆိပ်ကမ်း၌ ထိခိုက်ပျက်စီးမှု များပြားခဲ့ကြောင်း ယူကရိန်း စိုက်ပျိုးရေးလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူများက ပြောကြားထားသည်။

အိုဒက်ဆာမြို့အနီး တည်ရှိသော ချော်နိုမော့ခ်ဆိပ်ကမ်း တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ယူကရိန်းအစိုးရက တစ်စုံတစ်ရာ သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ယူကရိန်းနိုင်ငံက ရုရှားရေနံလုပ်ငန်း အဆောက်အအုံများကို မောင်းသူမဲ့ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် ငါးနှစ်တာကာလအတွင်း ဝင်ရောက်လာပြီဖြစ်သည့် ယူကရိန်းစစ်ရေးပဋိပက္ခ၏အရှိန်ကို ထပ်မံမြှင့်တင်မည်ဟု ရုရှားအစိုးရက သတိပေးပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အစ္စရေး အမျိုးသားရွေးကောက်ပွဲများ ယခုနှစ် အောက်တိုဘာ ၂၇ ရက်တွင်ကျင်းပမည်

ဂျေရုဆလင် ဇူလိုင် ၁၃

ယခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် အမျိုးသားရွေးကောက်ပွဲများကျင်းပရန် အစ္စရေးနိုင်ငံက စီစဉ်ထားကြောင်း ဇူလိုင် ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမျိုးသားရွေးကောက်ပွဲများကို ယခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပမည့်အစီအစဉ်ကို ဝန်ကြီးချုပ် နေတန်ယာဟု၏ ညွန့်ပေါင်းအစိုးရ တာဝန်ရှိသူများက လွှတ်တော်သို့ ဇူလိုင် ၁၂ ရက်တွင် အသိပေးခဲ့ခြင်းဖြစ်သည်။

စီစဉ်ထားသည့်အတိုင်း ကျင်းပဖြစ်ခဲ့ပါက အဆိုပါရွေးကောက်ပွဲသည် ဂါဇာကမ်းမြောင်ဒေသ စစ်ရေးပဋိပက္ခ စတင်ခဲ့သည့် ၂၀၂၃ ခုနှစ်နောက်ပိုင်း ပထမဆုံး အစ္စရေး အမျိုးသားရွေးကောက်ပွဲ ဖြစ်လာမည်ဖြစ်သည်။

အစ္စရေးလွှတ်တော်သည် ယခုနှစ် မေလအတွင်း လွှတ်တော်ကို ဖျက်သိမ်းရန် မဲခွဲဆုံးဖြတ်ခဲ့ရာ အမျိုးသားရွေးကောက်ပွဲများကို သတ်မှတ်ကာလထက်စော၍ ကျင်းပနိုင်ခြေ မြင့်တက်လာခဲ့သည်။

သို့ရာတွင် မိမိတို့အနေဖြင့် အစ္စရေး အမျိုးသားရွေးကောက်ပွဲများကို မူလသတ်မှတ်ကာလဖြစ်သော ယခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပရန်စီစဉ်ထားကြောင်း ညွန့်ပေါင်းအစိုးရအဖွဲ့က လွှတ်တော်ကော်မတီတစ်ရပ်ထံ ဇူလိုင် ၁၂ ရက်တွင် အသိပေးထားသည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ အဆိုပါ အမျိုးသားရွေးကောက်ပွဲများတွင် ဝန်ကြီးချုပ် နေတန်ယာဟု၏ ညွန့်ပေါင်းအစိုးရအဖွဲ့ အနိုင်ရနိုင်ခြေ နည်းပါးကြောင်း သိရသည်။

Ref : RT

Trs : KKO

# ချီလီနိုင်ငံ၌ လဟာပြင်ဈေးတစ်ခုကို မော်တော်ယာဉ်ဝင်တိုက်

ဆန်တီယာဂို ဇူလိုင် ၁၃

ချီလီနိုင်ငံ ဗီနာဒယ်လ်မာ ကမ်းရိုးတန်းမြို့၌ တာဝန်ချိန်ပြင်ပ ရဲတပ်အရာရှိတစ်ဦး မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးက ဇူလိုင် ၁၂ ရက်တွင် လဟာပြင်ဈေးတစ်ခုကို ဝင်တိုက်ခဲ့ရာ လူအများအပြား သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လူမှုကွန်ရက်ပေါ်တွင် ပေါ်ထွက်လာသည့် ရုပ်သံမှတ်တမ်းများအရ အဆိုပါ ရဲတပ်အရာရှိ မောင်းနှင်လာသည့် ကိုယ်ပိုင်ယာဉ်သည် လဟာပြင်ဈေးအတွင်းရှိ ဆိုင်ခန်းများကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ပြီး အမျက်ဒေါသထွက်နေသည့် ဈေးသူ၊ ဈေးသားများ၊ လမ်းသွားလမ်းလာများက ယာဉ်မောင်းကို ရိုက်ပုတ်ရန် ကြိုးပမ်းခဲ့ရာ ရဲတပ်ဖွဲ့က ရဲကားတစ်စီးဖြင့် ခေါ်ထုတ်ခဲ့ရသည်။

အဆိုပါ ယာဉ်တိုက်မှုအတွင်း သေဆုံးသူဦးရေ အတိအကျကို ချီလီရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် ချီလီပြည်တွင်း မီဒီယာများ၏ အဆိုအရ ဇူလိုင် ၁၂ ရက်ယာဉ်တိုက်မှုတွင် လူခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ရဲတပ်အရာရှိ မောင်းနှင်လာသည့် မော်တော်ယာဉ်သည် လမ်းဘေးပလက်ဖောင်းကို ကျော်လွန်တက်ရောက်လာခဲ့ပြီးနောက် ဈေးတစ်လျှောက် ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ထိုင်းနိုင်ငံ ဘားတစ်ခု၌ မီးလောင်၊ လူ ၂၇ ဦးသေဆုံး၍ ၆၃ ဦးဒဏ်ရာရ

ဗန်ကောက် ဇူလိုင် ၁၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၁၂ ရက် ညပိုင်းက ဘားတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၇ ဦးသေဆုံးခဲ့ကြောင်း ထိုင်းမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရောင်းဘီယာနာလက်ဖရောင်းဘားမီးလောင်မှုတွင် လူ ၆၃ ဦး ဒဏ်ရာရခဲ့ပြီး ၂၂ ဦးမှာ အခြေအနေ စိုးရိမ်ရကြောင်း ဗန်ကောက်မြို့ တာဝန်ရှိသူများက ပြောကြားထားသည်။

ဘားမီးလောင်မှု ဖြစ်ပွားစဉ် ဆိုင်၏ အရေးပေါ်ထွက်ပေါက်နှစ်ခုမှာ ပိတ်ဆို့နေကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ရောင်းဘီယာနာလက်ဖရောင်းဘားတွင် အရေးပေါ်ထွက်ပေါက်နှစ်ပေါက်ရှိသော်လည်း တစ်ပေါက်မှာ ဘီယာစည်များဖြင့်ပိတ်နေပြီး ကျန်တစ်ပေါက်တွင် စားပွဲတစ်လုံးက ပိတ်ဆို့နေကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားထားသည်။



မီးလောင်မှု ဖြစ်ပွားခဲ့သော ရောင်းဘီယာနာ လက်ဖရောင်းဘားသို့ ယနေ့တွင် ထိုင်းဝန်ကြီးချုပ် အနုတင်ချန်ဗီရာကူးလ်ကိုယ်တိုင်ရောက်ရှိလာခဲ့သည်။


ပဏာမစစ်ဆေးမှုရလဒ်များအရ မျက်နှာကြက်တွင် တပ်ဆင်ထားသော လေအေးပေးစက် ဝိုင်ယာကြိုး ရှော့ဖြစ်ရာမှ မီးလောင်မှု စတင်ခဲ့ခြင်းဖြစ်နိုင်သည်ဟု ထိုင်းမီဒီယာများက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်ဖက်ဒရယ်ဆက်သွယ်ရေးအေဂျင်စီက Reflect Orbital ကုမ္ပဏီ၏ နေရောင်အလင်းပြန်ဂြိုဟ်တုများကို လွှတ်တင်ခွင့်ပေးရန် သဘောတူ



ဝါရှင်တန် ဇူလိုင် ၁၃

နက္ခတ္တရူပဗေဒသိပ္ပံပညာရှင်များက ကန့်ကွက်နေသည့်တိုင် အမေရိကန် ဖက်ဒရယ်ဆက်သွယ်ရေးအေဂျင်စီ(အက်ဖ်စီစီ) သည် ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Reflect Orbital ကုမ္ပဏီ၏ နေရောင်အလင်းပြန် ဂြိုဟ်တုများကို လွှတ်တင်ခွင့်ပေးရန် သဘောတူလိုက်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် အမေရိကန် ဖက်ဒရယ်ဆက်သွယ်ရေးအေဂျင်စီ(အက်ဖ်စီစီ)သည် Reflect Orbital ကုမ္ပဏီကို Earendil-1 အမည်ရှိ နေရောင်ပြန်ဂြိုဟ်တု တစ်စင်းကိုသာ စမ်းသပ်လွှတ်တင်ခွင့် ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

Reflect Orbital ကုမ္ပဏီသည် Earendil -1 ဂြိုဟ်တုကို နေရောင်ပြန် ကြေးမုံချပ်ဖြင့် ကမ္ဘာပေါ်သို့ နေရောင် ပြန်လည်ပို့ဆောင်ပေးမည့် နည်းပညာကို စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် အလျားပေ ၆၀၊ အနံပေ ၆၀ ရှိသည့် ကြေးမုံချပ်ဖြင့် ကမ္ဘာပေါ်သို့ ညပိုင်းအခါတွင် နေရောင်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

Reflect Orbital ကုမ္ပဏီသည် နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းများ၊ သဘာဝကပ်ဘေးသင့် ဒေသများအတွက် ညပိုင်းအချိန်တွင် အာကာသမှတစ်ဆင့် နေရောင်ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ နေရောင်ပြန်ဂြိုဟ်တုများကို လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Reflect Orbital ကုမ္ပဏီသည် ၂၀၃၅ ခုနှစ်အရောက်တွင် နေရောင်ပြန်ဂြိုဟ်တုစင်းရေ ၅၀၀၀၀ ထိကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက Starship စူပါဟဲဗီးပင်မဒုံးယာဉ်၏ ဒုံးအင်ဂျင် ၃၃ လုံးကို စက်နှိုးစမ်းသပ်ခဲ့

ဝါရှင်တန် ဇူလိုင် ၁၃

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Starship စူပါဟဲဗီးပင်မဒုံးယာဉ်၏ ဒုံးအင်ဂျင် ၃၃ လုံးကို စက်နှိုးစမ်းသပ်ခဲ့ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

Starship ဒုံးယာဉ်ကို ၁၃ ကြိမ်မြောက်အဖြစ် စမ်းသပ်ပစ်လွှတ်မှု မပြုလုပ်မီ Starship စူပါဟဲဗီးပင်မဒုံးယာဉ်၏ ဒုံးအင်ဂျင်များကို စက်နှိုး စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



Starship စူပါဟဲဗီးပင်မဒုံးယာဉ် ဒုံးအင်ဂျင် ၃၃ လုံးစမ်းသပ်မှုကို ဆောက်သ်တက္ကဆက်ဒေသ စတားဘေ့စ် အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

Starship စူပါဟဲဗီးပင်မဒုံးယာဉ် ဒုံးအင်ဂျင်စမ်းသပ်မှုမှာ ၂၅ စက္ကန့်ကြာမြင့်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့ကြောင်း စပေ့စ်အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် Starship မစ်ရှင်-၁၃ လွှတ်တင်ရေးအတွက် ပြင်ဆင်နေသော်လည်း လွှတ်တင်ရမည့် အချိန်ကာလကို သတင်းထုတ်ပြန်ခြင်းမရှိသေးပေ။

စပေ့စ်အိတ်ကုမ္ပဏီသည် Starship ဒုံးယာဉ်များကို ၁၂ ကြိမ်ထိ စမ်းသပ် လွှတ်တင်ခဲ့ပြီးဖြစ်ရာ နောက်ဆုံးနှစ်ကြိမ်သာ အပြည့်အဝ အောင်မြင်မှုရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂျပန်အမျိုးသားအာကာသအေဂျင်စီက ပထမအဆင့်ပင်မဒုံးယာဉ်တွင် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မည့် ဒုံးပျံအမျိုးအစားသစ်ကို စမ်းသပ်

တိုကျို ဇူလိုင် ၁၃

ဂျပန် အမျိုးသားအာကာသအေဂျင်စီသည် ပထမအဆင့်ပင်မဒုံးယာဉ်တွင် အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မည့် ဒုံးပျံအမျိုးအစားသစ်ကို စမ်းသပ်ခဲ့ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

RV-X အမည်ပေးထားသော အဆိုပါ ဒုံးပျံသစ်ကို ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဂျပန်အမျိုးသား အာကာသအေဂျင်စီ၏ နိုရှီရိုဒုံးပျံစမ်းသပ်ရေးစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုပြုလုပ်စဉ်အတွင်း RV-X ဒုံးပျံသည် မြေပြင်မှ ၁၁ မီတာထိ ပျံတက်၍ ရေပြင်ညီမျဉ်းအတိုင်း ၁၆ မီတာရွေ့လျား၍ မြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း ဂျပန်အမျိုးသား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ဂျပန်အမျိုးသား အာကာသအေဂျင်စီ၏ RV-X ဒုံးပျံစမ်းသပ်မှုမှာ အချိန်တစ်မိနစ်ခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီက လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကို အောင်မြင်စွာ ပြန်လည်ရယူခဲ့ပြီး တစ်ရက်အကြာတွင် ဂျပန်အမျိုးသား အာကာသအေဂျင်စီက RV-X ဒုံးပျံကို စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

RV-X ဒုံးပျံကို ဂျပန်အမျိုးသား အာကာသ အေဂျင်စီနှင့်မစ်ဆူဘီရှီ အကြီးစား စက်မှုလုပ်ငန်းတို့က ပူးတွဲ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဒိန်ချဉ်နေ့စဉ်စားသုံးခြင်းဖြင့် အမျိုးသားများ၏ ဇီဝသက်တမ်းအိုမင်းမှုကို လျှော့ချနိုင်ဖွယ်ရှိ

တိုကျို ဇူလိုင် ၁၃

ဒိန်ချဉ်ကို နေ့စဉ်ပုံမှန်စားသုံးခြင်းဖြင့် လူ့ကိုယ်ခန္ဓာ၏ ဇီဝသက်တမ်း အိုမင်းမှုဖြစ်စဉ်ကို အရှိန်လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံမှ သုတေသနပညာရှင်များသည် ဓာတ်စာအပြောင်းအလဲနှင့် လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့၏ အမျိုးသားများအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခဲ့ကြကြောင်း သိရသည်။

ဂျပန်သုတေသနပညာရှင်များသည် အသက် ၅၀ နှင့် ၇၄ နှစ်ကြား အဝလွန်သူ အမျိုးသား ၄၈ ဦးတို့ကို နေ့စဉ်ဒိန်ချဉ် ၁၀၀ ဂရမ် ကျွေးမွေး၍ တစ်ရက်လျှင် မိနစ် ၃၀ မျှ လမ်းလျှောက်ခြင်းကဲ့သို့သော လေ့ကျင့်ခန်းများကို ပြုလုပ်စေခဲ့သည်။

အထက်ပါ စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဒိန်ချဉ်ကို နေ့စဉ်စားသုံး၍ အပေါ့စား လေ့ကျင့်ခန်းများပြုလုပ်ပေးခြင်းဖြင့် အမျိုးသားများ၏ ဇီဝသက်တမ်း အိုမင်းမှုဖြစ်စဉ်ကို အရှိန် လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

ဂျပန် သုတေသနပညာရှင်များ၏ အဆိုအရ ဒိန်ချဉ်ကို နေ့စဉ်စားသုံး၍ အပေါ့စား လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် အမျိုးသားများ၏ ဇီဝသက်တမ်း အိုမင်းမှုဖြစ်စဉ်ကို ၂ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Wegovy သောက်ဆေးများက ထိုးဆေးများကဲ့သို့ နှလုံးကျန်းမာရေးကို အထောက်အကူမပြုနိုင်

လန်ဒန် ဇူလိုင် ၁၃

Wegovy ကိုယ်အလေးချိန် လျှော့ချရေး သောက်ဆေးများသည် ကိုယ်အလေးချိန်ကို ထိရောက်စွာ လျှော့ချပေးနိုင်သော်လည်း ထိုးဆေးများက ကျန်းမာရေးကို အထောက်အကူ မပြုနိုင်ကြောင်း သုတေသန ပညာရှင်များက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လက်ရှိသုံးစွဲခွင့်ရထားသည့် ကိုယ်အလေးချိန်လျှော့ချရေး သောက်ဆေးများနှင့် စမ်းသပ်ဆဲ ကိုယ်အလေးချိန် လျှော့ချရေး သောက်ဆေးအမျိုးအစား ၁၉ မျိုးတို့ကို လေ့လာထားသော လေ့လာချက်ပေါင်း ၂၆၂ ခု တို့ကို လေ့လာစူးစမ်းခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အဆိုပါ ကိုယ်အလေးချိန် လျှော့ချရေး သောက်ဆေးများသည် ကိုယ်အလေးချိန်ကို ထိရောက်စွာလျှော့ချနိုင်သော်လည်း အစာအိမ်ပြဿနာများနှင့် ကြွက်သားထု ဆုံးရှုံးခြင်းကဲ့သို့ ဘေးထွက်ဆိုးကျိုးများရှိတတ်ကြောင်း သိရသည်။

သို့ရာတွင် Wegovy ထိုးဆေးများသည် ကိုယ်အလေးချိန်ကို ထိရောက်စွာ လျှော့ချနိုင်သကဲ့သို့ နှလုံးရုတ်တရက်ဖောက်နိုင်ခြေကို ၂၈ ရာခိုင်နှုန်း၊ နှလုံးခုန်ရပ်နိုင်ခြေကို ၅၇ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့သော် Wegovy သောက်ဆေးများကမူ ကိုယ်အလေးချိန်ကို လျှော့ချနိုင်သော်လည်း ထိုးဆေးများကဲ့သို့ နှလုံးကျန်းမာရေးကို အထောက်အကူပြုနိုင်မှုမရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# အဖြူရောင်ရွှေ ဝါနှင့် မြန်မာ့စီးပွားရေးနိုးထမှု

**ပြည်စိုးညိမ်း**

မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေခံကို ကြည့်ရင် လယ်ယာစိုက်ပျိုးရေးဟာ အဓိကမောင်းနှင်အားဖြစ်တာ ငြင်းလို့မရပါဘူး။ ဆန်စပါးကို အဓိကအခြေခံစားကုန်အဖြစ် စိုက်ပျိုးကြသလိုပဲ ဝတ်ဆင်ရေးအတွက် အရေးပါလှတဲ့ “ဝါ” သီးနှံဟာလည်း နိုင်ငံတော်အတွက်မဟာဗျူဟာမြောက်တဲ့ စိုက်ပျိုးရေးထုတ်ကုန်တစ်ခု ဖြစ်ပါတယ်။

လူတစ်ယောက်ရဲ့ ဘဝဖြတ်သန်းမှုကို ပြန်ကြည့်မယ်ဆိုရင် နေ့စဉ်နဲ့အမျှ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်မှာ မဖြစ်မနေ အသုံးပြုနေရတာဟာ “အဝတ်အထည်” ပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လူတို့ရဲ့ အခြေခံလိုအပ်ချက်ကြီးသုံးရပ်ဖြစ်တဲ့ “စား၊ ဝတ်၊ နေ” ထဲမှာ “ဝတ်ရေး” ဟာ ဒုတိယအရေးအကြီးဆုံး ကဏ္ဍအဖြစ် ရပ်တည်နေတာပါ။ ဒီကမ္ဘာဦးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေတဲ့ ပင်မရင်းမြစ်ကတော့ တခြားမဟုတ်ပါဘူး၊ ကျွန်တော်တို့ မြေပေါ်က စိုက်ပျိုးထွက်ရှိတဲ့ “ဝါ” သီးနှံပဲ ဖြစ်ပါတယ်။

ဝါစိုက်ပျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းဟာ ဘယ်တော့မှ မတိမ်ကောနိုင်တဲ့ ကမ္ဘာတည်သရွေ့ အားကောင်းနေမယ့် စီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်သလို လက်ရှိမြန်မာ့စီးပွားရေး (GDP) ကို တစ်ဟုန်ထိုးမြင့်တက်စေမယ့် အဓိကသော့ချက်လည်း ဖြစ်ပါတယ်။

**သမိုင်းကြောင်းခြေရာနှင့် ချည်မျှင်ကွင်းဆက်**

မြန်မာနိုင်ငံမှာ ဝါစိုက်ပျိုးတဲ့ သမိုင်းကြောင်းဟာ ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ပုဂံခေတ်ကျောက်စာတွေကတည်းက ဒေသတွင်းမှာ ချည်ထည်ရက်လုပ်မှုကဏ္ဍတွေ ထွန်းကားခဲ့တဲ့အကြောင်း အထင်အရှားတွေ့နိုင်သလို “မြန်မာ့ချည်ထည်” ဆိုရင် သမိုင်းအစဉ်အလာကြီးမားခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့ဟာ ဝါစိုက်ပျိုးဖို့အတွက် အလွန်ကောင်းမွန်တဲ့ ရေခံမြေခံရာသီဥတုနဲ့ မြေဆီလွှာတွေကို ပိုင်ဆိုင်ထားကြတာပါ။

သမိုင်းတစ်လျှောက် ပြည်တွင်းဖြစ်ဝါဂွမ်းနဲ့ ချည်မျှင်တွေကိုပဲအခြေခံပြီး တိုင်းရင်းရက်ကန်းလုပ်ငန်းတွေ၊ ဂျပ်ခုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးခဲ့ပါတယ်။ ဒါပေမဲ့ နှောင်းပိုင်းကာလတွေမှာတော့ စိုက်ပျိုးရေးထွက်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်ကုန် (Value-added product) အဖြစ် ပြည်တွင်းမှာ မပြောင်းလဲနိုင်ဘဲ ကုန်ကြမ်းအတိုင်းသာ ပြည်ပကို တင်ပို့ခဲ့ကြပါတယ်။ တစ်ဖက်မှာလည်း ပြည်တွင်းချည်မျှင်ရဲ့ အရည်အသွေးပိုင်းလိုအပ်ချက်တွေကြောင့် ပြည်ပကနေ ချည်မျှင်ရှည်ဝါမျိုးတွေကို ပြန်လည်တင်သွင်းစိုက်ပျိုးခဲ့ရတဲ့ သမိုင်းသင်ခန်းစာတွေရှိခဲ့ပါတယ်။

**တက်ညီလက်ညီ ဘက်ပေါင်းစုံပါဝင်မှုနှင့် Supply Chain အားကောင်းလာခြင်း**

ပြီးခဲ့တဲ့ ဇူလိုင်လ ၁၂ ရက်က မကွေးမြို့ မြို့တော်ခန်းမမှာကျင်းပခဲ့တဲ့ “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲဟာ မြန်မာ့ဝါကဏ္ဍအတွက် အချိုးအကွေ့အသစ်တစ်ခုဖြစ်လာစေခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကို နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်ပြီး ဝါကဏ္ဍပြန်လည်ဦးမော့လာစေဖို့ လမ်းညွှန်စကားပြောကြားခဲ့ပါတယ်။

**“ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဝါစိုက်တောင်သူများ၊ ဝါထုတ်ကုန်လုပ်ငန်းများဆောင်ရွက်ကြသူများနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုကိုအခြေခံ၍ Agro-based Industries အဖြစ် ဆောင်ရွက်သွားရန်လိုပြီး ယခုကျင်းပပြုလုပ်သည့်ဆွေးနွေးပွဲကို မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှု အနာဂတ်အခန်းကဏ္ဍတွင် အမှန်တကယ်အကျိုးရှိ**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်“ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (၁၃-၇-၂၀၂၆)

**သည့် ဆွေးနွေးပွဲအဖြစ် ဆောင်ရွက်သွားကြရန်”** ကိုလည်း နိုင်ငံတော်သမ္မတကြီးက အလေးအနက်ထား တိုက်တွန်းမှာကြားခဲ့ပါတယ်။

တကယ်တော့ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကို မြှင့်တင်ဖို့ဆိုရင် ဝါစိုက်ပျိုးထုတ်လုပ်တဲ့လုပ်ငန်းကို အဓိကထားပြီး တွန်းအားပေးလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်မှုဟာ နိုင်ငံတော်အတွက် တကယ့်ကို အကျိုးအမြတ်များစွာ ရရှိစေနိုင်တာကြောင့်လည်း အခုလို ဝါကဏ္ဍတိုးတက်ရေးဆွေးနွေးပွဲကို ထိထိရောက်ရောက်နဲ့ အောင်အောင်မြင်မြင် ကျင်းပဖြစ်ခဲ့တာပါ။

အဓိကကတော့ ဝါစိုက်ပျိုးတဲ့သူတွေ၊ ထုတ်လုပ်တဲ့သူတွေ၊ အဆင့်မြင့်ကုန်ချော ထုတ်လုပ်သူတွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေအကြားမှာ လုပ်ငန်းစဉ်တွေ ပိုပြီး လျင်လျင်မြန်မြန်နဲ့ ချောချောမွေ့မွေ့ လည်ပတ်နိုင်ဖို့ ဖြစ်သလိုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ တိုးတက်လာစေချင်လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝါနဲ့ပတ်သက်ပြီး နိုင်ငံတော်မှာ ပထမဆုံးအကြိမ်အဖြစ် ဒီလိုဆွေးနွေးပွဲမျိုးကို အကောင်အထည်ဖော်ကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။

ဇူလိုင်လ ၁၃ ရက်မှာ ဆက်လက်ပြုလုပ်တဲ့ ဒုတိယနေ့ဆွေးနွေးပွဲမှာလည်း နိုင်ငံတော်သမ္မတက **“မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများကိုပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဝါတင်ပို့ရောင်းချသည့်နိုင်ငံအဖြစ်မလွဲမသွေတည်ဆောက်နိုင်ကြောင်း၊ ယခုကျင်းပပြုလုပ်ခဲ့သည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှု လုပ်ငန်းဆီသို့” ဆွေးနွေးပွဲမှတစ်ဆင့် ထွက်ပေါ်လာသည့် ဆွေးနွေးချက်များ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းအတွေ့အကြုံများနှင့် လိုအပ်ချက်များကို အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းဖြင့် ကောင်းမွန်သည့်ရလာဒ်များ ထွက်ပေါ်ခဲ့သည်ကိုတွေ့ရှိရပြီး လုပ်ငန်းများယခုထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း”** ထပ်မံမှာကြားခဲ့ပါတယ်။

“ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆိုတဲ့ ခေါင်းစဉ်အတိုင်းပါပဲ။ စိုက်ပျိုးတဲ့စိုက်ခင်းတွေကနေ စက်ရုံ၊ အလုပ်ရုံတွေအထိ ကွင်းဆက် (Supply Chain) တစ်ခုလုံးအားကောင်းကောင်းနဲ့ လည်ပတ်နိုင်ဖို့ဆိုရင် အစိုးရ၊ တောင်သူနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ဘက်ပေါင်းစုံကနေ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်။ အခုဆွေးနွေးပွဲမှာလည်း ဒီလိုညီညွတ်တဲ့ အားတွေကို အထင်အရှားတွေ့ခဲ့ရပါတယ်။

ဒီဆွေးနွေးပွဲက ရိုးရိုးပုံမှန်ဌာနဆိုင်ရာ အစည်းအဝေးတစ်ခု မဟုတ်ပါဘူး။ ဝါကဏ္ဍနဲ့ပတ်သက်ပြီး မြေပြင်မှာ တကယ်လုပ်ကိုင်နေကြတဲ့ အခြေခံအကျဆုံးဖြစ်တဲ့ ဝါစိုက်တောင်သူ အစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူ အစုအဖွဲ့တွေကနေစလို့ ကုန်ကြမ်းကို အရည်အသွေးမြှင့်ပေးမယ့် ဝါဂွမ်းထုတ်လုပ်သူအစုအဖွဲ့၊ ပြည်တွင်းစားသုံးဆီဖူလုံရေးကို အထောက်အကူပြုမယ့် ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့၊ ချည်ထည်ကဏ္ဍ အသက်ဝင်လာအောင် မောင်းနှင်ပေးမယ့် ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့နဲ့ ဂျင်ခုံလုပ်ငန်းလုပ်ကိုင်သူအစုအဖွဲ့တွေအထိ လုပ်ငန်းရှင်တွေနဲ့ တာဝန်ရှိသူတွေ စုံစုံလင်လင်ထဲထဲဝင်ဝင် တက်ရောက်ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

အစုအဖွဲ့အသီးသီးက ကိုယ်စားလှယ်များကလည်း မိမိတို့ရဲ့လုပ်ငန်းဆောင်ရွက်မှုများနဲ့ လိုအပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ကြပါတယ်။ “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” လုပ်ငန်းကွင်းဆက်တစ်လျှောက် ပါဝင်သူအားလုံးဖွံ့ဖြိုးတိုးတက်လာစေဖို့ကိုလည်း ပူးပေါင်းဆောင်ရွက်သွားမယ့် အကြောင်းကို အားတက်သရောဆိုကြပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သက်ဆိုင်ရာအစုအဖွဲ့အလိုက် ခင်းကျင်းပြသထားသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုလေ့လာစဉ်။ (၁၃-၇-၂၀၂၆)

အစုအဖွဲ့ကိုယ်စားလှယ်များရဲ့ တင်ပြဆွေးနွေးမှုများအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ကလည်း လက်ရှိဆောင်ရွက်ပေးနေတဲ့အချက်တွေအပြင် ဆက်လက်ဆောင်ရွက်ပေးနိုင်မယ့်အခြေအနေတွေကိုလည်း အခြားဆက်စပ်ဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**စာမျက်နှာ ၉ သို့**

စာမျက်နှာ ၈ မှ အဆက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သက်ဆိုင်ရာအစုအဖွဲ့အလိုက် ခင်းကျင်းပြသထားသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုလေ့လာစဉ်။ (၁၃-၇-၂၀၂၆)

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကလည်း လုပ်ငန်းရှင်များအနေနဲ့ ဈေးငွေအမျိုးအစားအလိုက် ရရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဓိက ဝါစိုက်ပျိုးထုတ်လုပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့က ဝန်ကြီးချုပ်တွေနဲ့အတူ အခြေခံအစုအဖွဲ့အသီးသီးက လုပ်ငန်းရှင်တွေ တစ်စားပွဲတည်းမှာ ဆုံတွေ့ခွင့်ရခဲ့တာဟာ ဝါကဏ္ဍရဲ့ အနာဂတ်အတွက် အလွန်ကြီးမားတဲ့ အကျိုးသက်ရောက်မှုတွေ ရှိလာစေမှာပါ။ ဘာလို့လဲဆိုတော့ စိုက်ပျိုးတဲ့သူကလည်း မိမိတို့ထွက်လာတဲ့ဝါဂွမ်းကို ဘယ်ဈေးကွက်ကို ရောင်းရမလဲဆိုတာ သိနိုင်သလို၊ စက်ရုံပိုင်ရှင်တွေဘက်ကလည်း ဘယ်လိုအရည်အသွေးမျိုး လိုချင်လဲဆိုတာကို လိုအပ်ချက်နဲ့ ထောက်ပံ့မှု (Demand and Supply) တိုက်ရိုက် ညှိနှိုင်းချိတ်ဆက်နိုင်ခဲ့ကြလို့ပဲဖြစ်ပါတယ်။

**ဝါစိုက်ဧကများကို ပြန်လည်ကုစားခြင်း**

သမ္မတကြီးအနေနဲ့ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်ကတည်းက နိုင်ငံ့စီးပွားမြှင့်တင်ဖို့အတွက် ဝါစိုက်ပျိုးမှုကို အထူးစိတ်အားထက်သန်စွာနဲ့ အနီးကပ် စိစစ်အားပေးခဲ့တာကို တွေ့ရပါတယ်။ အချက်အလက်တွေအရ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ဝါစိုက်ဧက ၈ သိန်းကျော်အထိ အားကောင်းခဲ့ပေမယ့် ၂၀၁၉-၂၀၂၀ ပြည့်နှစ်မှာတော့ ဝါစိုက်ဧက ၄ သိန်းခန့်သာ ကျန်ရှိတော့တဲ့အထိ နှစ်အလိုက်သိသိသာသာ လျော့နည်းကျဆင်းခဲ့ရပါတယ်။

ဒီလိုကဏ္ဍတစ်ခုလုံး မှေးမှိန်သွားနိုင်မယ့် အခြေအနေကို သမ္မတကြီးက ပြုပြင်ပြောင်းလဲဖို့ ကြိုးပမ်းခဲ့ပါတယ်။ သမ္မတကြီးရဲ့ မဆုတ်မနစ်သော ဦးဆောင်မှုနဲ့ ဝါစိုက်ပျိုးမှုကို မဟာဗျူဟာမြောက် အားပေးမြှင့်တင်ခဲ့မှုကြောင့် ပြည်တွင်းဝါစိုက်ပျိုးမှုဟာ သိသိသာသာပြန်လည် ဦးမော့လာခဲ့ပါတယ်။

၂၀၂၁-၂၀၂၂ ခုနှစ်မှာ တစ်နိုင်ငံလုံးပျမ်းမျှ ဝါစိုက်ဧက ၃ ဒသမ ၉ သိန်းကျော်မှာ တစ်ဧကအထွက်နှုန်း ၄၃၆ ပိဿာရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ခုနှစ်မှာတော့ ဝါစိုက်ဧက ၅ ဒသမ ၄ သိန်းကျော်ထိ တိုးတက်လာပြီး တစ်ဧကအထွက်နှုန်းကလည်း ၄၉၉ ဒသမ ၂ ပိဿာထိ မြင့်တက်လာခဲ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဝါထွက်ရှိမှု ပိဿာချိန်ပေါင်း ၂၇၄၃ သိန်းကျော်အထိ ထွက်ရှိခဲ့လို့ လက်ရှိပြည်တွင်းဝါလိုအပ်ချက်ထက် များစွာပိုလျှံနေပြီဖြစ်ပါတယ်။

**ဝါစိုက်ပျိုးရေးမှသည် Agro-based Industries နှင့် GDP တိုးတက်မှုဆီသို့**

နိုင်ငံတော်သမ္မတရဲ့ မျှော်မှန်းချက်က ဝါကို စိုက်ပျိုးရုံ၊ ကုန်ကြမ်းရောင်းရုံတင်မဟုတ်ဘဲ စိုက်ပျိုးရေးကိုအခြေခံတဲ့ စက်မှုလုပ်ငန်း (Agro-based Industries) အထိ တက်လှမ်းဖို့ဖြစ်ပါတယ်။ ဝါပင်ဟာ အစအဆုံး အသုံးမဝင်တဲ့နေရာရယ်လို့ မရှိတဲ့ စက်မှုကုန်ကြမ်းသီးနှံဖြစ်ပါတယ်။ ဝါမှတစ်ဆင့် ဝါဂွမ်း၊ ဝါဂွမ်းမှတစ်ဆင့် ချည်နှင့်ချည်ထည်များ၊ ဝါစေ့ကနေ စားသုံးဆီနဲ့ တိရစ္ဆာန်အစာ (ဝါစေ့ကြိတ်ဖတ်) အထိကွင်းဆက်တစ်ခုလုံးကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။





နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုကို တိုင်းတာတဲ့ GDP (အသားတင်ထုတ်လုပ်မှုတန်ဖိုး) ဟာ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးသုံးခု အပြန်အလှန် ချိတ်ဆက်မှုအပေါ် မူတည်နေပါတယ်။ ကုန်ကြမ်းတွေကို တန်ဖိုးမြှင့်ထုတ်ကုန်တွေအဖြစ် ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်ပကိုကုန်ကြမ်းသက်သက် ရောင်းချခြင်းထက် အဆပေါင်းများစွာ ဝင်ငွေပိုမိုရရှိမှာမို့ ပြည်တွင်းဝင်ငွေမြင့်မားလာမှာဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးတောင်သူမှသည် စက်ရုံအလုပ်သမားအထိ ကွင်းဆက်တစ်ခုလုံး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမှာဖြစ်ပါတယ်။ ဒီအခါမှာ စက်ရုံတွေလည်ပတ်ဖို့ လျှပ်စစ်၊ စွမ်းအင်ရင်းနှီးမြှုပ်နှံမှုနဲ့ ဝန်ဆောင်မှုကဏ္ဍတွေပါတိုးတက်လာပြီး နိုင်ငံ့စီးပွား (GDP) ပါ လိုက်ပါတိုးတက်လာမှာ မလွဲဧကန်ပဲ ဖြစ်ပါတယ်။

**ဒေါ်လာသန်း ၅၀၀ မျှော်မှန်းချက်နှင့် ခေတ်မီနည်းပညာ**

နိုင်ငံတော်သမ္မတအနေနဲ့ အစိုးရအဖွဲ့တာဝန်ယူထားတဲ့ ကာလအတွင်းမှာ ဝါစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်အောင် ဆောင်ရွက်ဖို့သန္နိဋ္ဌာန်ချထားပြီး ဝါတစ်ဧကပန်းတိုင်ရည်မှန်းချက် အထွက်နှုန်း ပိဿာ ၇၀၀ ရရှိအောင် ဆောင်ရွက်ဖို့ တိုက်တွန်းထားပါတယ်။ လက်ရှိ ကမ္ဘာ့ပေါက်ဈေးအရ ဝါဂွမ်းတစ်တန်ကို အမေရိကန်ဒေါ်လာ ၁၈၀၀ နဲ့ ၁၉၀၀ ကြားရှိနေတာမို့ ဒီပန်းတိုင်ကိုရောက်ရင် ပိုလျှံတဲ့ဝါဂွမ်းတွေကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့် ပြည်ပဝင်ငွေ ပိုမိုရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒီရည်မှန်းချက် အောင်မြင်ဖို့အတွက် စိုက်ပျိုးရေးရဲ့ အဓိကမဏ္ဍိုင် (၄) ရပ်ဖြစ်တဲ့ "မျိုး၊ မြေ၊ ရေ၊ နည်း" ပြည့်စုံဖို့ လိုအပ်ပါတယ်။ သမ္မတကြီးရဲ့ နည်းပညာအပေါ် အလေးထားမှုကို ၎င်းရဲ့ခရီးစဉ်မှာ တွေ့မြင်နိုင်ပါတယ်။ ဒေသသုတေသနဗဟိုဌာန (မကွေး) ကို ကိုယ်တိုင်သွားရောက်ပြီး အရည်အသွေးမြင့် မျိုးစေ့တွေထုတ်လုပ်နိုင်ဖို့ Nano Technology For Seed Treatment အခန်းအတွင်း Cold Plasma စက်တွေ၊ UV စက်တွေ၊ သီးနှံအခြောက်ခံစက်တွေနဲ့ သုတေသနပြု စမ်းသပ်ထုတ်လုပ်နေမှုကို သေချာစွာကြည့်ရှုစစ်ဆေးခဲ့ပါတယ်။

ဒါ့အပြင် လုပ်သားရှားပါးမှုကို ဖြေရှင်းဖို့ မျိုးစေ့ချကိရိယာ (Feed Seeder) တွေ သုံးစွဲဖို့နဲ့ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းတွေနဲ့ အောင်ရေပေးဝေဖို့လမ်းညွှန်ခဲ့ပြီး တစ်ဆက်တည်းမှာပဲ နိုင်ငံတကာဈေးကွက်ဝင် ပေါ်ဆန်းမွှေးစပါးနဲ့ မြေပဲ၊ နှမ်း စတဲ့ ဆီထွက်သီးနှံများကိုပါ တစ်ဧကပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်ဖို့တွန်းအားပေးကြပ်မတ်ဆောင်ရွက်ခဲ့ပါတယ်။

**ချည်မျှင်လမ်းကြောင်းပေါ်က မြန်မာ့အနာဂတ်**

ခြုံငုံကြည့်ရင် ဝါစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဟာ တောင်သူလယ်သမားတွေရဲ့ မိသားစုစီးပွားရေးကို မြှင့်တင်ပေးရုံတင်မကဘဲ ပြည်တွင်း အထည်အလိပ်စက်မှုလုပ်ငန်းတွေကိုပါ အသက်သွင်းပေးနိုင်မှာ ဖြစ်ပါတယ်။ ခေတ်မီနည်းပညာတွေကို အခြေခံပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ခြင်းဟာ ဒေါ်လာသန်း ၅၀၀ မကတဲ့ ပြည်ပဝင်ငွေတွေကို ကျွန်တော်တို့နိုင်ငံတွင်း သယ်ဆောင်ပေးလာမယ့် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။ စိုက်ပျိုးရေးကို အခြေခံတဲ့စက်မှုလုပ်ငန်းတွေ အောင်မြင်လာတာနဲ့အမျှ နိုင်ငံရဲ့ GDP တိုးတက်လာပြီး ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုမိုတိုးတက်ပွင့်လန်းလာမှာပါ။

အခုကျင်းပပြီးစီးခဲ့တဲ့ ဆွေးနွေးပွဲကြီးဟာ တောင်သူလယ်သမားတွေရဲ့ စိုက်ပျိုးထုတ်လုပ်မှုကနေ လုပ်ငန်းရှင်တွေရဲ့ အဆင့်မြင့်ကုန်ချောထုတ်လုပ်မှုအထိ ကွင်းဆက်တစ်ခုလုံးကို ခိုင်ခိုင်မာမာ ချိတ်ဆက်ပေးလိုက်တာပါပဲ။ အစိုးရရဲ့ မူဝါဒပိုင်းဆိုင်ရာပံ့ပိုးမှု၊ ဝန်ကြီးဌာနတွေရဲ့ နည်းပညာနဲ့ အခြေခံအစုအဖွဲ့အားလုံးရဲ့ တက်ညီလက်ညီ ကြိုးပမ်းမှုတွေပေါင်းစပ်လိုက်တဲ့အခါမှာတော့ မြန်မာ့ဝါကဏ္ဍဟာ မိမိခြေထောက်ပေါ်မိမိ ခိုင်မာစွာရပ်တည်နိုင်တော့မှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ရဲ့ ပြင်းပြတဲ့ စိတ်အားထက်သန်မှု၊ နည်းပညာအခြေပြုလမ်းညွှန်မှုတွေနဲ့အတူ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ဝါစိုက်တောင်သူတွေနဲ့ လုပ်ငန်းရှင်တွေအားလုံး ဟန်ချက်ညီညီ ကြိုးပမ်းကြမယ်ဆိုရင် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆိုတဲ့ ကွင်းဆက်ဟာ မြန်မာ့စီးပွားရေးကို အရှိန်အဟုန်နဲ့ နိုးထလာစေမယ့် အဖြူရောင်ရွှေဝါလမ်းမကြီးဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါတယ်။ ။



# အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပြည့်ဇာနည်အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက်ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ အသင်းလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများအသီးသီး ပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ရှစ်သင်းနှင့် အမျိုးသမီး အသင်း ရှစ်သင်းတို့ဖြင့် ဇူလိုင် ၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်ဆရာတော်အား သတ်ဖြတ်၍ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ငါးသိန်း လုယက်ယူဆောင်သူ တရားခံ ငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်ဆရာတော်အား သတ်ဖြတ်၍ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ငါးသိန်း လုယက်ယူဆောင်သူ တရားခံ ငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် (၂)ရပ်ကွက်ရှိ စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်အတွင်း၌ သီတင်းသုံးလျက်ရှိသည့် စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက် ဆရာတော် ဥူးပညာဝံသ ခေါ် ဒေါက်တာဖေညွှာဏ် ၇၅ နှစ် သိက္ခာတော် ၁၅ ဝါသည် ဇူလိုင် ၂ ရက် နေ့လယ်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်ရှိ ကျောင်းဆောင်အတွင်း၌ ဓားဒဏ်ရာများဖြင့် သတ်ဖြတ်ခံထားရပြီး ဆရာတော်၏လက်ကိုင်ဖုန်း နှစ်လုံး ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရသဖြင့် မှော်ဘီမြို့မရဲစခန်းက (ပ)၃၂၂/၂၀၂၆ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/ ၃၉၄ ဖြင့် အမှုရေးဖွင့်ပြီး ပြစ်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သော အထူးအမှုစစ်အဖွဲ့သည် တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်အတွင်း ဝင်ထွက်သွားလာသူများကို စိစစ်ဆောင်ရွက်ခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းတို့ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၁ ရက် နေ့လယ်ပိုင်းတွင် ပြစ်မှုကျူးလွန်သူ မှော်ဘီမြို့နယ် ကုလားကြီးကုန်းကျေးရွာနေ တရားခံ သက်ပိုင်ထွန်း ခေါ် ပိုင်လေး ၂၀ နှစ်ကို ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ သက်ပိုင်ထွန်း ခေါ် ပိုင်လေးကို စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ညနေပိုင်းတွင် ပြစ်မှုကျူးလွန်ရာ၌ ပူးပေါင်းပါဝင်သူများ ဖြစ်ကြသည့် ကုလားကြီးကုန်းကျေးရွာနေ စိုးရာဇာ ခေါ် စိုးဝင်းကျော် ၂၂ နှစ်နှင့် ဝေယံနိုင် ခေါ် ဝေယံ ၁၉ နှစ်တို့ နှစ်ဦးကို မှော်ဘီမြို့နယ် ကုလားကြီးကုန်းကျေးရွာရှိ ၎င်းတို့၏ နေအိမ်များ၌လည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်နေ တရားခံ တိုးဝင်းကျော် ခေါ် တိုးဝေကျော် ခေါ် ကုလား ၂၈ နှစ်ကို လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက်ရှိ ရွှေထိပ်တင် ဘီယာဆိုင်အနီး၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများဖြစ်ကြသည့် သက်ပိုင်ထွန်း ခေါ် ပိုင်လေး၊ စိုးရာဇာ ခေါ် စိုးဝင်းကျော်၊ ဝေယံနိုင် ခေါ် ဝေယံ၊ တိုးဝင်းကျော် ခေါ် တိုးဝေကျော် ခေါ် ကုလားတို့ လေးဦးကို စစ်ဆေးချက်အရ ၎င်းတို့ လေးဦးနှင့် ဖမ်းဆီးရန်ကျန် တရားခံ စိုးထက် ခေါ် အေကေတီတို့ ငါးဦးသည် မှော်ဘီမြို့နယ် ကုလားကြီးကုန်းကျေးရွာအတွင်း ပန်းရန်လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ဇူလိုင် ၁ ရက် နေ့လယ်ပိုင်းတွင် သက်ပိုင်ထွန်း ခေါ် ပိုင်လေး၏နေအိမ်တွင် ၎င်းတို့ ငါးဦး တွေ့ဆုံခဲ့ကြပြီး သက်ပိုင်ထွန်း ခေါ် ပိုင်လေးက ငွေကြေးအဆင်မပြေကြောင်း ပြောရာ စိုးရာဇာ ခေါ် စိုးဝင်းကျော်က မှော်ဘီမြို့နယ် (၂)ရပ်ကွက်ရှိ စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်အတွင်း ဝင်ရောက်ခိုးယူရန် တိုင်ပင်ခဲ့ကြပြီး ည ၁၀ နာရီတွင် ၎င်းတို့ ငါးဦးသည် စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်ရှိ ကျောင်းဆောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြကြောင်း၊ ကျောင်းဆောင်အတွင်း ရောက်ရှိစဉ် ဆရာတော်ကြီးအား ခုတင်ပေါ်တွင် ထိုင်လျက်တွေ့ရှိရပြီး ဆရာတော်ကြီးက ၎င်းတို့ကို မြင်တွေ့သွားခဲ့သဖြင့် အသင့်ပါလာသည့် အရိုး၊အသွား ၁၈ လက်မခန့်ရှိ ဓားမြှောင် တစ်ချောင်းနှင့် ကျောင်းဆောင်အတွင်း တွေ့ရှိရသည့် စတီးဓား တစ်ချောင်းတို့ဖြင့် ဆရာတော်ကြီးအား ထိုးသတ်ခဲ့ကြကြောင်း။

ထို့နောက် ဆရာတော်ကြီးထံမှ လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ငါးသိန်းတို့ကို လုယက်ယူဆောင်ခဲ့ပြီး ဖုန်းနှစ်လုံးကို စိုးရာဇာ ခေါ် စိုးဝင်းကျော်နှင့်သက်ပိုင်ထွန်း ခေါ် ပိုင်လေးတို့က တစ်လုံးစီယူဆောင်ကာ ခိုးယူရရှိငွေကျပ် ငါးသိန်းကို ဝေယံနိုင် ခေါ် ဝေယံက ငွေကျပ် ၁၄၀၀၀၀ နှင့် တိုးဝင်းကျော် ခေါ် တိုးဝေကျော် ခေါ် ကုလားနှင့် ဖမ်းဆီးရန်ကျန် တရားခံ စိုးထက် ခေါ် အေကေတီတို့က ငွေကျပ် ၁၈၀၀၀၀ စီခွဲဝေယူဆောင်ခဲ့ကြောင်း ထွက်ဆိုခဲ့ကြသည်။

သက်ပိုင်ထွန်း ခေါ် ပိုင်လေးပါ လေးဦးတို့၏ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများ သိမ်းဆည်းရရှိရေးဆောင်ရွက်ခဲ့ရာ သက်သေခံဖုန်း နှစ်လုံးကို မှော်ဘီမြို့နယ်ရှိ ဖုန်းအပိုပစ္စည်းအရောင်းဆိုင်များမှလည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဓားမြှောင်တစ်ချောင်းနှင့် လောက်လေးခွထည့်ထားသည့် ဘေးလွယ်အိတ် တစ်လုံးတို့ကို စန္ဒကူးမြိုင်ရိပ်သာကျောင်းဝင်းအတွင်းရှိ ရေမြောင်းအတွင်းမှလည်းကောင်း သိမ်းဆည်းရရှိခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံဖြစ်သူ တောင်ငူမြို့နယ်နေ တရားခံ စိုးထက် ခေါ် အေကေတီ ၁၉ နှစ်ကို ဇူလိုင် ၁၂ ရက် နေ့လယ်ပိုင်းတွင် တောင်ငူမြို့နယ် (၁၉) ရပ်ကွက်ရှိ ညောင်ပင်လေးဈေးအနီး၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် မှော်ဘီမြို့နယ် စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက် ဆရာတော်အား သတ်ဖြတ်ပြီး လက်ကိုင်ဖုန်း နှစ်လုံးနှင့် ငွေကျပ် ငါးသိန်းကို လုယက်ယူဆောင်ခဲ့သူ တရားခံ သက်ပိုင်ထွန်း ခေါ် ပိုင်လေး၊ စိုးရာဇာ ခေါ် စိုးဝင်းကျော်၊ ဝေယံနိုင် ခေါ် ဝေယံ၊ တိုးဝင်းကျော် ခေါ် တိုးဝေကျော် ခေါ် ကုလားနှင့် စိုးထက် ခေါ် အေကေတီတို့ ငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## အဆိပ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် ဇူလိုင် ၁၉ ရက်တွင် CANAL+ ZAT LENN Channel က ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် ဇူလိုင် ၁၃**

အဆိပ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် ဇူလိုင် ၁၉ ရက်တွင် CANAL+ ZAT LENN Channel က ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း ဒါရိုက်တာ မင်းဦးက ပြောပြ၍ သိရသည်။

အဆိပ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်)၏ အောင်မြင်ခဲ့သည့် ဝတ္ထုတစ်ပုဒ်ကို မိုးနီလွင်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ မင်းဦးက အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော် ဒါရိုက်တာအနေနဲ့ ရုပ်ရှင်ရိုက်ဖြစ်တာဆိုရင် ဒါက လေးကားမြောက် ရုပ်ရှင်ဇာတ်ကားလို့ ပြောလို့ရပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်ကတည်းက ရိုက်ခဲ့တဲ့ဇာတ်ကားပါ။ ကျွန်တော်က ရိုမန့်တွေ၊ အချစ်တွေ၊ အမုန်းတွေအမှားတွေနဲ့ ချာတိတ်တွေနဲ့ ဇာတ်တွေရိုက်ရတာကို ကြိုက်တယ်။ လူငယ်တွေဖြစ်ရပ်ကို ရိုက်ပြရတာကြိုက်တယ်။ ဒီဇာတ်ကားကတော့ ပြီးခဲ့တဲ့နှစ် ဇွန်လတုန်းက ရုံတင်ပြသထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားကို ဇူလိုင် ၁၉ ရက်မှာ CANAL+LENN Channel ကနေ ထုတ်လွှင့်ပြသပေးသွားမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ မင်းဦးက ပြောပြသည်။

အဆိပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ကျော်ထက်ဇော်၊ မယ်လိုဒီ၊ အေးဝတ်ရည်သောင်း၊ နန်းဆုဦး၊ မျိုးသန္တာထွန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

## ပိုလန်နိုင်ငံ၌ကျင်းပမည့် Miss Supranational 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဇင်မိုးပြည့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်

**ရန်ကုန် ဇူလိုင် ၁၃**

ပိုလန်နိုင်ငံ၌ ကျင်းပမည့် ၁၇ ကြိမ်မြောက် Miss Supranational 2026 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဇင်မိုးပြည့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Miss Supranational Myanmar 2026 ဇင်မိုးပြည့်က ပြောပြ၍ သိရသည်။

အဆိုပါ ၁၇ ကြိမ်မြောက် Miss Supranational 2026 ပြိုင်ပွဲကို ပိုလန်နိုင်ငံ၌ ဇူလိုင် ၃၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဇင်မိုးပြည့်သည် အုပ်စုငါးတွင် နယ်သာလန်၊ မက္ကဆီကို၊ ပေါ်တူဂီ၊ နမီးဘီးယား၊ တူကီယဲ၊ တောင်အာဖရိက စသည့်နိုင်ငံများမှ နိုင်ငံကိုယ်စားပြုအလှမယ်များနှင့်အတူ ပြိုင်ပွဲဝင်ရမည် ဖြစ်ကြောင်း သိရသည်။

"မိုးပြည့်လဲ အကောင်းဆုံးဆိုတဲ့ Placement နေရာတစ်ခုကို လိုချင်ပါတယ်။ ကိုယ်ပြင်ဆင်ထားတဲ့အတိုင်း ဘယ်လောက်ထိ ချပြနိုင်မလဲဆိုတာ ရင်ခုန်တာပေ့ါ။ လက်ရှိမှာ မိုးပြည့် တတ်စွမ်းသလောက်သင်ကြားလေ့လာထားတာမို့ ဘာလိုမလဲဆိုတာ မပြောတတ်သေးပါဘူး။ မိုးပြည့်ကိုယ်တိုင်လဲ စိုးရိမ်စိတ်မရှိအောင် ပြင်ဆင်ထားတာပေ့ါနော်။ အဲ့ဒါကြောင့် မိုးပြည့်ရှိသလောက် ကိုယ်စွမ်းဉာဏ်စွမ်းတွေထုတ်ပြီး အစွမ်းကုန်ကြိုးစားမယ်လို့ အားလုံးကို ပြောချင်ပါတယ်"ဟု Miss Supranational Myanmar 2026 ဇင်မိုးပြည့်က ပြောပြသည်။




အဆိုပါပြိုင်ပွဲတွင် ဗီယက်နမ်၊ အိန္ဒိယ၊ ထိုင်း၊ ပြင်သစ်၊ စပိန်၊ ဘရာဇီး၊ ကနေဒါ၊ ပါရာဂွေး၊ ဖိလစ်ပိုင်၊ ဗင်နီဇွဲလား၊ ဩစတြေးလျ၊ ဒိုမီနီကန်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ စသည့်နိုင်ငံများမှ နိုင်ငံကိုယ်စားပြု အလှမယ်များ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

## MRTV-4 နှင့် FOREVER GROUP တို့ ပူးပေါင်းတင်ဆက်သည့် ဒုတိယနေရာမှ ပထမလူဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားပြုလုပ်

**ရန်ကုန် ဇူလိုင် ၁၃**

MRTV-4 နှင့် FOREVER GROUP တို့ ပူးပေါင်းတင်ဆက်သည့် ဒုတိယနေရာမှ ပထမလူ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဇူလိုင် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဒုတိယနေရာမှ ပထမလူ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်မည့် သရုပ်ဆောင် အောင်ပိုင်ထံမှ သိရသည်။

ဒုတိယနေရာမှ ပထမလူ ဇာတ်လမ်းတွဲသည် စာရေးဆရာကြီး လယ်တွင်းသားစောချစ်၏ ထင်ရှားသည့် ဒုတိယနေရာမှ ပထမလူ လုံးချင်းဝတ္ထုကို ကျော်ကျော်ထွန်းနှင့် စန်းစန်းရင်က ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ထက်နောင်ထွန်းက တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဆရာကြီး လယ်တွင်းသားစောချစ်ရဲ့ အောင်မြင်ပြီးသားဝတ္ထုဇာတ်လမ်းဖြစ်တဲ့အတွက် ဇာတ်လမ်းပိုင်းကတော့ အထူးပြောစရာ မလိုတော့ပါဘူး။ ကျွန်တော်လဲ ကိုယ်ကျတဲ့ ဇာတ်ရုပ်ကို ပီပီပြင်ပြင်နဲ့ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်သွားမှာပါ"ဟု သရုပ်ဆောင် အောင်ပိုင်က ပြောပြသည်။

ဒုတိယနေရာမှ ပထမလူ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲထိုက်၊ အောင်ပိုင်၊ သက်ဦးကို၊ မှူးသီဟသူ၊ ကျော်မိုးပိုင်၊ ကောင်းခန့်စိုး၊ မင်းကမ္ဘာ၊ စိုင်းဇေယျ၊ အောင်လံ၊ ဒေါင်းဝေ၊ ဇော်ဝင်းမောင်၊ သက်ထက်၊ သျှင်ဖုန်းနွယ်၊ ဝိုင်းရွှေရည်၊ ဆုမွန်၊ စနိုးကြည်ဖြူ၊ ပန်းဝတ်မှုံ၊ ပန်ဆု၊ မေမြန်မာ၊ ဝါဝါအောင်၊ ခင်မို့မို့အေး၊ အိမ့်ကြာဖြူ၊ အေးအေးအောင်၊ အိတုံ၊ ညွှေ့သည်သရုပ်ဆောင်စောမင်းယုျာနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

## Love Love အချစ်ဟာသဇာတ်ကား၌ မင်းသမီး အစ္စဘဲမေ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇူလိုင် ၁၃**

Amazon MGM စတူဒီယို၏ Love Love အချစ်ဟာသဇာတ်ကားတွင် မင်းသမီး အစ္စဘဲမေ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

Love Love ဇာတ်ကားသည် အချစ်ဟာသ ဇာတ်ကားအမျိုးအစားဖြစ်ပြီး စာရေးဆရာ ဒါရိုက်တာ ဂျိုယေးပါဝါက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Love Love ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂျိုယေးပါဝါက ဇာတ်ညွှန်းရေးဆရာ ဒန်နီယယ်ဆွာရန်းဘက်ကာနှင့်အတူ ပူးတွဲရေးသားပေးထားကြောင်း သိရသည်။

မင်းသမီး အစ္စဘဲမေသည် Paramount ကုမ္ပဏီ၏ 1883 ဇာတ်ကားဖြင့် ထင်ရှားခဲ့သော မင်းသမီးဖြစ်သည်။

Love Love ဇာတ်ကားကို ယခုနှစ် ဆောင်းဦးရာသီတွင် နယူးယောက်မြို့၌ စတင်ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Love Love ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





## Detention ဇာတ်ကားကို ဒါရိုက်တာပေါဖိတ် တာဝန်ယူရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၁၃**

Blumhouse ရုပ်ရှင်ကုမ္ပဏီ၏ Detention ဇာတ်ကားကို The Housemaid ဒါရိုက်တာ ပေါဖိတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

Detention ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်နီယယ်ဂိုးက တာဝန်ယူရေးသားပေးထားပြီး လက်ရှိတွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

သတင်းအရင်းအမြစ်များ၏အဆိုအရ Detention ဇာတ်ကားမှာ ထိတ်လန့်သည်းဖို ဇာတ်ကားအမျိုးအစားဖြစ်ပြီး အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ထုတ်လုပ်သူများက ရွေးချယ်နေဆဲဖြစ်သည်။

ဒါရိုက်တာ ပေါဖိတ်သည် ပြီးခဲ့သည့်နှစ်အတွင်း အကြီးအကျယ် အောင်မြင်ခဲ့သော The Housemaid ဇာတ်ကားကိုရိုက်ကူးခဲ့သူဖြစ်ပြီး မင်းသမီး ဆစ်ဒနီဆွင်းနေးနှင့် အမ်မန်ဒါဆေးဖရိုင်းတို့ ပါဝင်သရုပ်ထားသည့် The Housemaid ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော်ထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# National level rainy-season tree-growing ceremony for 2026 organized in Minbu, attended by President of the Republic of Union of Myanmar U Min Aung Hlaing, who plants a neem sapling



President U Min Aung Hlaing encourages those participating in tree planting activities.



President U Min Aung Hlaing waters a neem sapling.

**Nay Pyi Taw July 13**

A national level rainy-season tree-growing ceremony for 2026 took place in the compound of a railway station of Myanmar Railways and railway concrete factory in Minbu Township, Minbu District, Magway Region, this morning, attended by President of the Republic of Union of Myanmar U Min Aung Hlaing, who planted a neem sapling.

Also present were members of the entourage, chief ministers of Sagaing, Magway and Mandalay regions and officials, the speaker of region Hluttaw, the Central Command commander, members of Magway Region government, region-, district-and township-level departmental personnel, social organizations, teachers, students and local people.

President U Min Aung Hlaing delivered an address. He said the government is organizing monsoon tree-growing ceremonies annually with the participation of the people. It is a pleasure for him that people all across the country are also actively taking part in monsoon tree-planting ceremonies held in various places, apart from the government sponsored ceremony.

During the previous year, a national level tree-growing ceremony was held together with the local people in Minbu Township, and planted 1000 saplings. At this ceremony, 3000 trees of eight different local species would be planted. The tree-planting ceremonies are being held with the aim of greening and beautifying the environment, improving the weather conditions, stabilizing and conserving ecosystem, preventing natural disasters, and raising public awareness of the forest conservation.

Myanmar is a country rich in forests, natural watercourses and lakes, biodiversity, and natural resources. However, depending on the location, land, water and climate, forest covered areas differ from one place to another. Particularly, 13 arid regions of central Myanmar are dry and have only sparse forests. The 2025 survey reported that 42.15 percent of the country's surface area was covered by forests. Forest cover of Magway Region was recorded at 11.51 percent of its total area and that of Minbu District at 15.61 percent.

Central Myanmar is included in the list of world's hottest places due to its sparsity of trees. Temperatures in Chauk hit a record high level of 48.2 degrees Celsius in 2024. In 2025 its maximum temperature was recorded at 45.3 degrees Celsius, and in this year, at 44.9 degrees Celsius. Temperatures of 12 major towns in the central Myanmar reached 41 degrees Celsius and above. Hence, heat relief shelters are being set up in every summer to provide heat relief and comfortable rest for the elderly people.

Some townships are facing extreme weather conditions such as irregular rainfall patterns, infrequent rainfall, extreme temperature fluctuations, and surface soil erosion, which are signs of desertification. Certain areas are witnessing the processes of turning into sandy land, inarable land, rocky barrens, nd sandy land, where natural regeneration of plants is impossible. In this regard, arid region greening activities are being carried out with might and main as the national level task. Local people will be the first to enjoy the benefits of the current greening activities.

Tree growing and forest conservation are good actions to relieve the impact of severe hot weather. Trees provide shade that will reduce temperatures, beautify the environment, be pleasing to the eye, bring peace of mind to the public, and provide shelter for birds and animals. Although tree plantation and forest conservation are being conducted with greater acceleration for arid region greening, forest plantations are still losing to growing timber, fuelwood and bamboo demand, expanding rural and urban areas and agriculture, changing land use patterns, forest fires, and animal destructions, which are related growing human population in one way or another. The result is the aridness and weather-related severe natural disasters.

He stated that in particular, it is forecasted that an extremely strong El Niño phase could be reached by the end of this year, and that 2026 and 2027 could become the hottest years in global history. He mentioned that climate change and El Niño phenomena could lead to droughts, extreme heat, and wildfires, which could bring negative impacts on various sectors such as agriculture, livestock, health, and economy, and therefore it will be necessary to make preparations from all aspects.

He said that as trees and forests multiply and forest coverage increases, ecosystem services will improve further and greatly benefit living beings. He mentioned that therefore, in order to hand down good and stable environmental ecosystems to current and future generations, efforts must be made with a target to achieve forest coverage across 50 percent of the nation's area. He added that in doing so, the forest coverage of the entire region will increase only if efforts are made to increase coverage by respective wards, townships, and districts, and thus trees must be planted as much as possible, such as by planting trees along both sides of the roads within their region.

He stated that only by taking such actions will it be possible to create livable cities, healthy communities, and climate-resilient living environments, thereby handing down a good heritage of a green and climate-moderate environment to current and future generations. He added that for every tree planted, care and maintenance must be given to ensure its survival and growth, and he concluded by urging everyone to strive to turn their respective villages, wards, and townships into an oasis of the dry zone.

Also, he stated that cultivating and conserving forests and trees can yield multifaceted benefits and serves as building a good future for the country. He noted that by closely adhering to the policy "Let us protect our environment for the prosperity of the Nation" everyone should join hands and participate in forest cultivation and conservation operations nationwide, including the 13 dry zone districts,

*See Page 15*

# Myanmar possessing favourable natural conditions and a strong foundation for successfully cultivating and producing cotton can inevitably be developed into a cotton-exporting country



**President U Min Aung Hlaing delivers a speech at the discussion titled "From Cotton Cultivation towards the Textile Industry".**

**Nay Pyi Taw July 13**

A discussion titled "From Cotton Cultivation towards the Textile Industry", which was held with the aim of promoting the development of domestic cotton cultivation, increasing cotton-based industrial manufacturing, and advancing the entire value chain from cotton cultivation and production to textile manufacturing, continued this morning at the City Hall in Magway, Magway Region this morning. President U Min Aung Hlaing of the Republic of the Union of Myanmar attended and delivered a speech at the event.

The discussion was also attended by entourages of the President, chief ministers and officials of Sagaing, Magway and Mandalay regions, regional, district and township departmental officials, and businesspersons and officials from cotton grower group, cotton seed producer group, cotton seed oil miller group, cotton seed producer group, cotton wool producer group, yar producer group, loom operator group and ginner group.

**Businesspersons from cotton related groups talk about discussion results and requirements**

Those from the cotton related groups reported on discussion results. U Lin Myat, on behalf of the cotton seed producer group and cotton seed grinder and seller gourp, reported on production of quality wool and cotton textile with the use of quality cotton seeds through the contract system of departments, farmers and businesspersons instead of the manageable scale activities, import of foreign hybrid cotton strains in a short-term plan to produce grade A and B cotton, import of parental strains in the long-term plan so as to produce them at home for distribution, and disbursement of loans at low interest to develop cotton gins and cotton seed oil mills. U Soe Hlaing Oo of cotton grower group presented cotton farmers use domestic strains such as Shwedaung-10 and foreign hybrid strains. He discussed distribution of quality cotton strains in subsidized system in order to fully cost fertilizers, natural fertilizer, fuel and charge of hiring machinery. He also remanded supply of sufficient water to the farms through the solar-powered pumps in Singaing Township, extension of water supply period from Kinda dam rorating water supply system in Myittha Township till December, underground water tapping in Pakokku Township, and setting reference prices for cotton like paddy and rice. U Zeyar Nyi Nyi Tun from the ginner group and the wool and textile producer group also talked about import of machine parts from abroad for local cotton gins, permission to import high-tech machines to produce yarns, and conducting yarn and fibre production courses. Daw Thiri Yadana Hlaing from the cotton yarn loomer group and textile producer group expressed wishes to produce necessary textile rolls at home depending on the market demand, permissions to import quality chemicals and raw dyes to be used in finished textile, investment for modern dyeing factories, sale of dyed textile by dyeing factories of the State, the market expansion for products, linkages of foreign markets, and setting the Myanmar National Weaving Day to honour the traditional harndiwork of Myanmar. U Naing Aung Yan from Pho Pyone Cho Garment Industry discussed supply of stable electricity for yarn factories round the clock, disbursement of capials, and needs to stablize quality of locally-produced cotton. U Hla Myo from Keinnayi Dyeing and Printing Industry mentioned his wishes on establishment of a spinning mill to produce yarns at home for the production chain from cotton to the textile, and infrastructural and technical assistance of the State.

**Necessary clarifications of Union ministers**

Union Ministers U Min Naung, U Myo Zaw Thein and Dr Charlie Than disucssed coordination and fulfillment for difficulties and investment requirements of cotton seed production, cotton cultivation, cotton seed oil production, wool, yarn and textile production based on discussions of the relevant groups, arrangements of relevant ministries for capitals, technologies, local and foreign excursion trips, machine and technologies and human resources for development of cotton industry, while the Chair of Cotton and Cotton Product Production Entrepreneurs Association talked about operations of industries and their difficulties.

**Necessary measures for the development of cotton cultivation and production industries discussed**

Afterwards, in his concluding guidance speech, the President stated that based on the discussions of cotton industry groups, matters requiring action from the state, tasks to be undertaken by farmers, and responsibilities of producers had been identified. He emphasized that the primary goal is to boost the national economy through cotton cultivation and production. Since the cotton cultivation and production industries can bring great benefits to the state, this discussion meeting was convened to ensure effective and successful implementation of cotton cultivation and production. The meeting was organized to facilitate smoother and more efficient coordination among cultivators, producers, high-quality finished product manufacturers, and relevant ministries, and to promote progress in operations. He noted that this was the first such discussion on cotton held in the country.

The President stressed that for national economic development, manufacturing is of paramount importance, and production industries must be promoted through cotton cultivation. He highlighted the need for accurate cotton cultivation practices, accurate acreage data, and accurate statistics. Cotton is grown in Mandalay, Magway, Sagaing, and Bago Regions, and it is necessary to maintain stable cotton acreage and good yields. If high-quality cotton seeds are planted, quality yarns will be produced, and he has consistently supported efforts to obtain pure, high-quality cotton seeds. Research and production of quality cotton seeds are being conducted domestically, while also importing from abroad. He emphasized the need to fully produce domestic cotton seeds and to continuously research, review, and analyze to ensure stable and improved quality.



**President U Min Aung Hlaing observes cotton products at an exhibition booth.**

To enhance cotton cultivation and production, it is necessary to collectively address the needs of cotton farmers. For agricultural success, the four essential factors—seed, soil, water, and technique—are indispensable.

*See Page 15*

# President of Republic of Union of Myanmar U Min Aung Hlaing inspects operations of industries for regional development and national economic growth in Magway Region




President U Min Aung Hlaing visits Magway Hybrid Power Company.



President U Min Aung Hlaing observes the processing of sesame at the factory of Kaung Ko Group Company Ltd.



President U Min Aung Hlaing visits Sharbin Hla Agriculture and Livestock Breeding Zone.

**Nay Pyi Taw July 13**

President of the Republic of the Union of Myanmar, accompanied by members of his entourage, chief ministers from Sagaing, Magway and Mandalay regions and officials, inspected tasks for regional development and national economic growth in Magway region this afternoon.

**Magway Hybrid Power Company**

First, the President arrived at Magway Hybrid Power Company near Thapyay Sam Village in Magway Township and was warmly greeted by project director U Tin Maung Latt and officials.

Then, the President heard reports on salient points about the 100-MW (Gas Engine + Solar ) hybrid power generation plant project of Magway Hybrid Power Company, implementation works and future tasks submitted at the briefing hall of the company by the project director. After hearing the reports, the president discussed interesting points and gave necessary instructions.

Afterward, the President inspected implementation works in the project and gave necessary instructions on reports of officials.

**Kaung Ko Group Company Ltd.,**

Then, the President and party arrived at Kaung Ko Group Company Ltd., at Gwaytauk Sam village near Kan Pyar junction on Magway-Nay Pyi Taw road and heard reports on the history of the company, exports of raw sesame and toasted sesame powder purified up to 90 percent to foreign markets, distribution of edible oil for the domestic market, installation of machines, implementation of the contract farming system, trainings provided for GAP, creating benefits for farmers by implementing the direct purchase system, operational difficulties faced by the project and futures goals submitted by company owner Daw Moe Moe Myat.

After hearing the reports, the Presidents said it is necessary to help boost sesame yields in one way or another as availability of sesame raw materials is important for the company and sesame yields will increase only when seeds are qualified. The President pointed out that conducting GAP training requires a systematic approach and said the government will fulfill the needs of tasks as much as possible while giving necessary instructions. Then, the President inspected the processing of sesame in the factory and discussed salient points.

**Sharbin Hla Agriculture and Livestock Breeding Zone**

Then, the President and party arrived at the Sharbin Hla Agriculture and Livestock Breeding Zone in Sharbin Hla village in Magway Township and were greeted by officials and heard reports on implementation of an agriculture and livestock breeding zone in Aunglan Township in Magway Region, salient points about Sharbin Hla Agriculture and Livestock Breeding Zone, implementation of layer breeding collective farms of cooperatives in the zone, potentials for farmland development and livestock breeding tasks, development of agriculture and livestock breeding zones with the aim of contributing to regional rice sufficiency and land utilization, types of crops, land and the situations for cultivation submitted by regional level officials.

After hearing the reports, the President said it is necessary to produce animal feeds needed for the region as it produces corn, pulses and beans, bran and broken rice and to carry out tasks successfully before giving necessary instructions. Afterward, the President inspected systematic development of farmland, measures taken for water supply, nursery for different rice varieties and breeding layers and gave necessary instructions on reports of officials.

MNA

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

as a national duty to combat desertification, green and beautify the dry zone, and achieve a balanced and favorable climate, he concluded.

Then, President U Min Aung Hlaing led the planting of a neem sapling at the designated location.

Afterward, the President, along with the entourage accompanying him on the journey, the Chief Ministers and responsible officials from Sagaing Region, Magway Region, and Mandalay Region, the Regional Hluttaw Speaker, the Commander of the Central Command, members of the Magway Region Government, departmental personnel at the regional, district, and township levels, social organizations, teachers, students, local residents, and the attendees of the ceremony joyfully planted trees together.

Later, the President and his entourage toured and encouraged the joyful planting of the saplings.

At the 2026 rainy season national-level tree planting ceremony held today within the Myanmar Railways station and railway concrete factory compound in Minbu Township, Minbu District, Magway Region, a total of 3,000 trees across eight species including Star Flower, Yinma, Padauk, Mezali, Neem, Thinbaw, Kokko, and Phyaoukseik were successfully planted.

The President and his entourage then inspected the Minhla-Minbu railway section at the Minbu Railway Station in Minbu Township, where he reviewed the reports of responsible officials and instructed them to review and take measures for the resumption of train schedules to ensure greater convenience for local residents in traveling and cargo transportation, alongside giving other necessary directives.

The President, accompanied by his entourage, then arrived at and inspected the site where the Strand Road in Minbu would be restored and constructed, and in response to the briefings of responsible officials, he instructed them to repair, construct, and maintain necessary riverbank retaining walls and bridges along the Strand Road, to systematically reconstruct the road, and to carry out a systematic review using a Town Plan to ensure orderly residential neighborhoods along the waterfront.

MNA

*From Page 13*

Therefore, while the state is working to ensure an adequate supply of cotton seeds, relevant cotton farmer groups must also make concerted efforts. Regarding land preparation, natural fertilizers are being used, and cultivation of green manure crops can also improve soil conditions. Similarly, cow dung from buffalo and cattle rearing can be used as natural fertilizer, and by-products from agricultural activities can also be processed into natural fertilizers. Systematic application of chemical and organic fertilizers can increase yields. To ensure sufficient water for agriculture, solar-powered river pumping systems can be utilized, and only through proper techniques can yields improve.

The President noted that in cotton production, it is necessary to systematically research both domestic demand and international markets. Just as there are cotton-producing countries worldwide, there are also many cotton-importing countries. Neighbouring countries and regional nations have cotton demands, so exporting high-quality long-staple cotton can generate foreign exchange earnings and boost the national economy.

Regarding cotton production, efforts must be made to revive former state-owned yarn and textile mills, upgrade weaving machines, and utilize modern weaving equipment. The state will provide investment loans for upgrading weaving machines used in textile production in various states. He emphasized the need to produce value-added products from domestically grown cotton, and to systematically calculate domestic and foreign market demands in doing so.

To promote cotton production, the President said he had assigned the military to manufacture cotton ginning machines domestically, and they have now successfully produced quality ginning machines. Efforts have been made at the Ministry of Industry and the military's yarn and textile mills to produce 2/80 count yarn. To increase the nation's cotton production, a cooperative system should be adopted, and the state will support the advancement of cotton ginning machines, yarn machines, and weaving machines.

Regarding land use, there have been improper practices in the country, and a lack of awareness or violation of existing laws and regulations has created obstacles to national development. Strict measures must be taken to prevent agricultural land from being used for other purposes, and factories and workshops built with permission must be systematically and firmly established.

The President stated that Myanmar possesses favourable conditions and foundations for successful cotton cultivation and production, and will inevitably become a cotton-exporting nation. He emphasized that the discussions and needs arising from the "From Cotton Cultivation to the Textile Industry" meeting must be reviewed, and necessary actions taken to address them. The exchange of views and experiences among stakeholders has produced positive outcomes, and further progress can be achieved. He concluded that the meeting was a successful one, aimed at finding ways to improve the nation.

Subsequently, the President warmly greeted the attendees and visited exhibition booths displaying cotton cultivation and production-related items, asking questions and discussing the presentations made by officials at each booth.

MNA

# More than 1,000 acres of Sterculia versicolor planted in Wetlet Township



A Sterculia versicolor plantation.

**Wetlet July 13**

According to the township Agriculture Department, local farmers have planted 1,250 acres of Sterculia versicolor trees in Wetlet Township, Sagaing Region, this year.

During the 2026-2027 monsoon crop cultivation season, Wetlet Township has planned to cultivate 1,250 acres of Sterculia versicolor. Cultivation began in May this year, and it has been reported that the cultivation of 1,250 acres has been completed to date.

"This year, during the monsoon crop cultivation season, Wetlet Township planned to cultivate 1,250 acres of Sterculia versicolor. As of today, the cultivation of 1,250 acres has been completed. Sterculia versicolor is drought-resistant and can grow in various types of soil. It is also a tropical forest tree species. It can be expanded in areas with low rainfall, such as Kyauksetgone areas," said Daw Kyin San, Head of the Wetlet Township Agriculture Department.

The Agriculture Department is encouraging Sterculia versicolor growers to cultivate the crop using the chemical-free Good Agricultural Practices (GAP) system. Sterculia versicolor produced from farms cultivated under the GAP system will be issued GAP certification. It is a low-chemical-input product, and cultivation under GAP methods is expected to help Sterculia versicolor gain a stronger market position compared to conventionally grown products.

In addition, the Agriculture Department will cooperate with trade associations to increase Sterculia versicolor yields and ensure that the crop gains access to markets.

206

# Plan adopt to cultivate more than 500 acres of chilli in Pwintbyu Township

**Pwintbyu July 13**

Pwintbyu Township Agriculture Department in Magway Region stated that local authorities earmarked cultivation of 559 acres of chilli as monsoon crops in Pwintbyu Township this year.

In Pwintbyu Township, a plan has been made to cultivate 559 acres of chilli during this year's monsoon crop season with the aim of ensuring local food security and increasing farmers' crop income. The chilli cultivation will be carried out from June to September, according to reports.

"This year's monsoon crop season, we have planned to cultivate 559 acres of chilli in Pwintbyu Township. The monsoon chilli cultivation will begin in June and continue until September, and we will work to ensure that the targeted acreage is fully achieved. Since chilli has a market demand, farmers rely on it as a crop and cultivate it throughout the year.

We will also provide support to farmers through awareness activities related to chilli cultivation, including necessary organic farming methods and techniques for selecting and cultivating quality seeds, in order to improve yields, ensure the quality of produce, and maintain food safety," said Daw Moe Moe Wai, Township Head of the Department of Agriculture in Pwintbyu Township.

It is reported that because Pwintbyu Township has favourable irrigation conditions and good agricultural land, local farmers cultivate chilli as a commercially viable crop throughout the year (summer, monsoon, and winter seasons) to generate income.

During cultivation, staff members from the Department of Agriculture are providing support to local farmers by sharing agricultural technologies related to kitchen crop cultivation and conducting awareness activities on preventive measures against pests and diseases, according to reports.

Ye Win Naing (NyaungU)

ရှေ့ဖုံးမှအဆက်

နိုင်ငံတော် အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် နှစ်စဉ်ဦးဆောင်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဦးဆောင်ပြီး သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပဆောင်ရွက်နေသကဲ့သို့ နိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ပြည်သူလူထုအားလုံးတက်ကြွစွာဖြင့် စိုက်ပျိုးနေကြသည်ကိုတွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း။

ပြီးခဲ့သည့်နှစ် မိုးရာသီတွင် မင်းဘူးမြို့နယ်၌ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဒေသခံပြည်သူများနှင့်အတူ ကျင်းပနိုင်ခဲ့ပြီး အပင်ပေါင်း ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း၊ ယနေ့တွင်လည်း မင်းဘူးမြို့တွင် ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဒေသမျိုးရင်း သစ်မျိုး ရှစ်မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး၊ ဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေးနှင့် ပြည်သူများအကြား သစ်တောထိန်းသိမ်းရေးအသိပညာများ ပိုမိုနိုးကြားလာစေရေးအတွက် ရည်ရွယ်ပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နေရာဒေသ၊ ရေမြေ၊ ရာသီဥတုအပေါ် မူတည်ပြီး ဒေသတစ်ခုနှင့်တစ်ခု သစ်တောဖုံးလွှမ်းမှုကွာခြားသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ ၁၃ ခရိုင်ဆိုပါက ပူပြင်းခြောက်သွေ့ပြီး သစ်တောသစ်ပင်ကျဲပါးကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ် ဆန်းစစ်လေ့လာချက်များအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ဟု သိရှိရကြောင်း၊ မကွေးတိုင်းဒေသကြီး၏ သစ်တောဖုံးလွှမ်းမှုသည် ၁၁ ဒသမ ၅၁ ရာခိုင်နှုန်းသာရှိပြီး မင်းဘူးခရိုင်၏ သစ်တောဖုံးလွှမ်းမှုသည် ၁၅ ဒသမ ၆၁ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

သစ်ပင်သစ်တော ကျဲပါးသောကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးစာရင်းဝင်နေသည်ကိုတွေ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်မြို့သည် ၄၈ ဒသမ ၂ ဒီဂရီ ဆဲလ်စီးယပ်ထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ်ရှိကြောင်းကို တွေ့ရကြောင်း၊ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့တွင် ၄၁ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ရှိကြောင်းကိုသိရှိရကြောင်း၊ ထို့ကြောင့်လည်း နှစ်စဉ်နွေရာသီတွင် အပူရှောင်စခန်းများ ဖွင့်လှစ်ပြီး သက်ကြီးရွယ်အိုများကို အပူဒဏ်မှ သက်သာစွာနားနေစေနိုင်ရေးဆောင်ရွက်ပေးခဲ့ရကြောင်း။

အချို့မြို့နယ်များတွင်ဆိုပါက သဲကန္တာရဖြစ်ထွန်းမှု အန္တရာယ်များဖြစ်နိုင်သည့် လက္ခဏာများဖြစ်သည့် မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှုအကြိမ်ရေ နည်းပါးခြင်း၊ အပူချိန်အတက်အကျလွန်ကဲခြင်း၊ အပေါ်ယံ မြေဆီလွှာတိုက်စားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များကို ရင်ဆိုင်နေကြရကြောင်း၊ အပင်များသဘာဝအတိုင်း မျိုးဆက်ပေါက်ရောက်နိုင်မှုမရှိတော့ဘဲ စိုက်ပျိုးနိုင်ရန်ခက်ခဲသော မြေများ၊ ကျောက်ကုန်းများ၊ သဲမြေများအဖြစ် ပြောင်းလဲသွားသည့်ဖြစ်စဉ်များလည်း တွေ့နေရကြောင်း၊ ထို့ကြောင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နိုင်ငံတော်အဆင့် အရှိန်အဟုန်မြှင့်တင်ပြီး အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုဆောင်ရွက်နေသည့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၏ အကျိုးရလဒ်ကိုလည်း ဒေသခံပြည်သူများက ပထမဦးဆုံးခံစားကြရမည်ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ပူပြင်းသည့်ရာသီဥတုဒဏ်ကိုလျော့ပါးသက်သာစေရန် ကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်ကြောင်း၊ သစ်ပင်များစိုက်ပျိုးခြင်းကြောင့် အရိပ်အာဝါသကောင်းများရရှိလာပြီး အပူချိန်လျော့ပါးလာခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာပြီး မျက်စိပသာဒဖြစ်စေခြင်း၊ လူအများ၏ စိတ်နှလုံးအေးမြစေခြင်း၊ ကျေးငှက်တိရစ္ဆာန်များစွာနားခိုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ကြောင်း။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသော်လည်း လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်၊ ထင်း၊ ဝါးလိုအပ်ချက်များမြင့်မားလာခြင်း၊ ကျေးရွာများ၊ စိုက်ပျိုးမြေများနှင့် မြို့ပြများချဲ့ထွင်လာခြင်း၊ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလာခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ တိရစ္ဆာန်များ၏ဖျက်ဆီးခြင်းစသည့် အကြောင်းရင်းများကြောင့် သစ်တောစိုက်ခင်းများ ပျက်ဆီးဆုံးရှုံးလျက်ရှိကြောင်း၊ အကျိုးဆက်အနေဖြင့် ပူပြင်းခြောက်သွေ့ပြီး ပြင်းထန်သည့်ရာသီဥတု သဘာဝဘေးအန္တရာယ်များကို ခံစားလာနေကြရခြင်းပင်ဖြစ်ကြောင်း။

အထူးသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် အယ်လ်နီညို အဆင့်ထိရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်တို့ကြောင့် မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် ကဏ္ဍအသီးသီးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများ များပြားလာပြီး သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများသည်လည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး သက်ရှိများကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့်ပတ်ဝန်းကျင်ဂေဟစနစ်များ လက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့ရပ်ကွက်၊ မြို့နယ်၊ ခရိုင်အလိုက် သစ်တောဖုံးလွှမ်းမှု တိုးတက်လာအောင် ဆောင်ရွက်နိုင်မှသာ တိုင်းဒေသကြီးတစ်ခုလုံး၏ သစ်တောဖုံးလွှမ်းမှုတိုးလာမည်ဖြစ်သည့်အတွက် မိမိတို့တိုင်းဒေသကြီးအတွင်းရှိ လမ်းဘေး ဝဲယာများတွင် သစ်ပင်များစိုက်ပျိုးခြင်းစသည်ဖြင့် သစ်ပင်စိုက်ရနိုင်သမျှ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်မှသာ နေထိုင်ချင်စဖွယ်ကောင်းသည့်မြို့များ၊ ကျန်းမာသည့် လူမှုအသိုက်အဝန်းများနှင့် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သည့်လူနေမှုပတ်ဝန်းကျင်များကိုဖန်တီးနိုင်မည်ဖြစ်ပြီး လက်ရှိနှင့်

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ကျင်းပခဲ့သည့် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇူလိုင် ၁၃**

လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှ သေဆုံးသည်ထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် အဝတ်အထည်ရက်လုပ်ရာတွင်အသုံးပြုသည့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ပြည်တွင်းဝါစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လာစေရန်၊ ဝါစိုက်ပျိုးထုတ်လုပ်သည်မှ အထည်အလိပ်ထုတ်လုပ်သည်အထိ ကွင်းဆက်တစ်လျှောက် အဆင့်ဆင့်တိုးတက်စေရန် ရည်ရွယ်ပြီး “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ဇူလိုင် ၁၁ ရက်မှ ယနေ့ထိ အောင်မြင်သည့် ဆွေးနွေးပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့သည်။



အဆိုပါ ခေတ်အဆက်ဆက်တွင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့် ကဏ္ဍစုံပါဝင်သော ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာဆွေးနွေးပွဲကို လက်ရှိအစိုးရလက်ထက်တွင် ပထမဆုံးကျင်းပခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက အနီးကပ်ကြီးကြပ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုစက်မှုကဏ္ဍဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝါမျိုးစေ့ထုတ်လုပ်မှုအစုအဖွဲ့၊ ဝါစိုက်ပျိုးထုတ်လုပ်သူ တောင်သူအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့၊ ဝါဝယ်ယူသူအစုအဖွဲ့၊ ဝါစေ့ကြိတ်ခွဲရောင်းချသူ အစုအဖွဲ့၊ ဝါဂွမ်းမှ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ချည်၊ ပိတ်၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းအစုအဖွဲ့၊ ပုဆိုး၊ လုံချည်၊ ချည်စောင်၊ တဘက်၊ လက်သုတ်ပဝါ၊ စားပွဲခင်းထုတ်လုပ်သူအစုအဖွဲ့တို့မှကိုယ်စားလှယ်များစုစုပေါင်း ၃၀၄ ဦး တက်ရောက်ခဲ့ကြသည်။

ထိုသို့ ဆွေးနွေးဆောင်ရွက်ရာတွင် ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူအစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့တို့မှ လုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာအလိုက် ကျွမ်းကျင်သူများက အဖွဲ့ လေးဖွဲ့ခွဲ၍ ဆွေးနွေးပွဲပထမနေ့တွင် အစုအဖွဲ့အလိုက်ဆွေးနွေးခြင်း၊ ရလဒ်များဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးပွဲဒုတိယနေ့တွင် အစုအဖွဲ့အလိုက်ရလဒ်များကို ပြည်ထောင်စုဝန်ကြီး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့ ကမ်းနားလမ်းပြန်လည်ထိန်းသိမ်းဖောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

အနာဂတ်မျိုးဆက်များကို စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမျှတသည့် ပတ်ဝန်းကျင်အမွေကောင်းကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးသည့်သစ်ပင်များကို တစ်ပင်စိုက်လျှင်တစ်ပင် ရှင်သန်အောင်မြင်အောင်ပြုစုထိန်းသိမ်းပြီး မိမိတို့ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များကို အပူပိုင်းဒေသ၏ အိုအေစစ်ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်လည်းတိုက်တွန်းမှာကြားလိုကြောင်း။

သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဘက်စုံအကျိုးကျေးဇူးများရရှိနိုင်သကဲ့သို့ နိုင်ငံ၏ကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ခြင်းလည်းဖြစ်ကြောင်း၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”**ဟူသည့် မူဝါဒကိုအလေးထားလိုက်နာပြီး သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာစေရန် ရာသီဥတုမျှတကောင်းမွန်လာစေရန်အတွက် အပူပိုင်းဒေသ ၁၃ ခရိုင် အပါအဝင် နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**သစ်ပင်သစ်တောများ များပြားလာပြီး သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများသည်လည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး သက်ရှိများကို များစွာအကျိုးပြုနိုင်မည်ဖြစ် . . .**

**လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ လက်ဆင့်ကမ်းနိုင်ရေးအတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ် . . .**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တမာပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက်အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ အခမ်းအနားတက်ရောက်လာကြသူများက သစ်ပင်များကို တပျော်တပါးစိုက်ပျိုးကြသည်။

ထိုသို့ပျိုးပင်များကို တပျော်တပါးစိုက်ပျိုးနေမှုကို နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် မြန်မာ့မီးရထားဘူတာနှင့် မီးရထားကွန်ကရစ်စက်ရုံဝင်းအတွင်း၌ ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် မိုးရာသီနိုင်ငံတော်အဆင့်သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ခရေ၊ ရင်းမာ၊ ပိတောက်၊ မဲဇလီ၊ တမာ၊ သဘော်၊ ကုက္ကိုနှင့် ဖျောက်ဆိပ်စသည့် သစ်မျိုးစုစုပေါင်း ရှစ်မျိုး အပင် ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မင်းဘူးမြို့နယ် မြန်မာ့မီးရထားဘူတာရှိ မင်းလှ-မင်းဘူး ရထားလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ဒေသခံပြည်သူများခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုများ ပိုမိုအဆင်ပြေစေရေးအတွက် ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရေး ပြန်လည်သုံးသပ်ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များလိုက်ပါပြီး မင်းဘူးမြို့ ကမ်းနားလမ်း ပြန်လည်ထိန်းသိမ်းဖောက်လုပ်မည့်နေရာသို့ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ကမ်းနားလမ်းတစ်လျှောက် လိုအပ်သည့်မြစ်ကမ်းပါးထိန်းနံရံများနှင့် တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ထိန်းသိမ်းရန်၊ ကမ်းနားလမ်းကိုစနစ်တကျ ပြန်လည်ဖောက်လုပ်သွားရန်နှင့် ကမ်းနားလူနေရပ်ကွက်များ စနစ်တကျဖြစ်စေရေး Town Plan ဖြင့် စနစ်တကျသုံးသပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

---

များနှင့် ထပ်မံပေါင်းစပ်ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးကြရာတွင် ဝါစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဓာတ်မြေသြဇာနှင့် သွင်းအားစုများ လိုအပ်ချက်၊ စိုက်ပျိုးရေရရှိရေးနှင့် လယ်ယာသုံးစက်ကိရိယာများတွင်ကျယ်စွာအသုံးပြုနိုင်ရေး၊ မျိုးကောင်းမျိုးသန့်ဝါမျိုးများ လုံလောက်စွာအသုံးပြုနိုင်ရေးအတွက် ဝါမျိုးစေ့ထုတ်တောင်သူများ၊ ဝါမျိုးစေ့ထုတ် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းဝါဂွမ်းဈေးကွက်နှင့် ဝါဂွမ်းအရည်အသွေးတည်ငြိမ်ရေး၊ ပြည်တွင်းစက်ရုံများက လိုအပ်သည့် ဝါဂွမ်းပမာဏရရှိရန် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးနှင့် လျှပ်စစ်မီးပုံမှန်ရရှိရေး၊ အထည်အလိပ်ထုတ်လုပ်မှုဆိုင်ရာအဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရေး၊ ကျွမ်းကျင်လုပ်သားအရင်းအမြစ်များမွေးထုတ်နိုင်ရေးနှင့် အခြားလုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များကလည်း လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် အစုအဖွဲ့များအလိုက် တက်ရောက်သူများ၏ တစ်ဦးချင်း မေးမြန်းဆွေးနွေးချက်များကို ပြည်ထောင်စုဝန်ကြီးများက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ လမ်းညွှန်မှာကြားနိုင်ရန် ခရီးစဉ်ရောက်ရှိနေသည့်နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်သည်လည်း အဆိုပါ“ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲသို့ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၁၂ ရက်နှင့် ယနေ့တို့တွင် တက်ရောက်အားပေးပြီး လိုအပ်သည်များဆွေးနွေးမှာကြားခြင်း၊ ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဝါလုပ်ငန်းဆိုင်ရာအစုအဖွဲ့များ၏ ဆွေးနွေးပွဲရလဒ်များတင်ပြမှုအပေါ် စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ အဆင့်မြင့် ကုန်ချောထုတ်လုပ်သူနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား၌ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေရေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာအစုအဖွဲ့အလိုက်ခင်းကျင်းပြသထားသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ပြခန်းများကို လိုက်လံကြည့်ရှုလေ့လာခြင်းများကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်သမ္မတသည် အဆိုပါဆွေးနွေးပွဲသို့တက်ရောက်စဉ် “ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့” ဆွေးနွေးပွဲမှတစ်ဆင့်ထွက်ပေါ်လာသည့် ဆွေးနွေးချက်များ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်သွားကြရန်နှင့် ယခုကဲ့သို့ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအတွေ့အကြုံများနှင့် လိုအပ်ချက်များကို အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းဖြင့်လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်၍ နောင်တွင်လည်း စဉ်ဆက်မပြတ်ဆွေးနွေးဆောင်ရွက်သွားကြရန်၊ ဝါစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိသည့်လုပ်ငန်းဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဝါစိုက် တောင်သူများနှင့် တာဝန်ရှိသူများအနေဖြင့် တစ်ဧက ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းအတိုင်းထွက်ရှိစေရေး၊ နိုင်ငံ့စီးပွားတိုးတက်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးထားမှာကြားခဲ့ကြောင်းနှင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


---

## ■ မိုးထစ်ချုန်းရွာမည်မှ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေး အန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား Magway Hybrid Power Company စီမံကိန်းဒါရိုက်တာက သဘာဝဓာတ်ငွေ့စွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းဓာတ်အားပေးစက်ရုံစီမံကိန်း 100 MW (Gas Engine + Solar) Hybrid ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။

☆ **ကျောဖုံးမှအဆက်**

သပြေစမ်းကျေးရွာအနီးရှိ Magway Hybrid Power Company သို့ ရောက်ရှိကြရာ စီမံကိန်းဒါရိုက်တာ ဦးတင်မောင်လတ်နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီရှင်းလင်းဆောင်ခန်းမတွင် စီမံကိန်းဒါရိုက်တာက Magway Hybrid Power Company ၏ သဘာဝဓာတ်ငွေ့စွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းဓာတ်အားပေးစက်ရုံစီမံကိန်း 100 MW(Gas Engine+Solar) Hybrid ဆိုင်ရာအချက်အလက်များ၊ လက်ရှိလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ကောင်းကိုအုပ်စု ကုမ္ပဏီလီမိတက်

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေး-နေပြည်တော်လမ်း ကံပြားလမ်းဆုံအနီး ငွေးတောက်စမ်းကျေးရွာရှိ ကောင်းကိုအုပ်စုကုမ္ပဏီလီမိတက်သို့ရောက်ရှိကြရာ ကုမ္ပဏီပိုင်ရှင် ဒေါ်မိုးမိုးမြတ်ကိုက ကုမ္ပဏီဆိုင်ရာသမိုင်းကြောင်းနှင့် ပြည်ပဈေးကွက်များသို့ ၉၀ ရာခိုင်နှုန်းသန့်စင်ထားရှိသည့် နှမ်းစေ့များ၊ နှမ်းလှော်မှုန့်များ ထုတ်လုပ်တင်ပို့လျက်ရှိမှု၊ ပြည်တွင်းဈေးကွက်သို့ စားသုံးဆီများ ဖြန့်ဝေရောင်းချလျက်ရှိမှု၊ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ ကန်ကရိုက်လယ်ယာစနစ်ကျင့်သုံးခြင်းနှင့် GAP သင်တန်းများပို့ချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ တောင်သူတိုက်ရိုက်အဝယ်စနစ်ကျင့်သုံး၍ တောင်သူများ၏ အကျိုးကို ဖြစ်ပေါ်စေမှု၊ လုပ်ငန်းဆိုင်ရာ တွေ့ကြုံရလျက်ရှိသည့် အခက်အခဲများနှင့်အနာဂတ်မျှော်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် နှမ်းကုန်ကြမ်းများရရှိရေးသည် အဓိကအရေးကြီးသည်ဖြစ်သဖြင့် နှမ်းအထွက်နှုန်းများကောင်းမွန်စေရေး တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ မျိုးကောင်းမွန်မှသာလျှင် နှမ်းအထွက်နှုန်းသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ GAP သင်တန်းများပို့ချပေးရာတွင်လည်း စနစ်တကျဖြစ်ရန်လိုကြောင်း၊ လုပ်ငန်းလိုအပ်ချက်များအတွက် နိုင်ငံတော်ကလည်း တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်း နှမ်းထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

## ရှားပင်လှစိုက်ပျိုးမွေးမြူရေးဇုန်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် ရှားပင်လှကျေးရွာအုပ်စုရှိ ရှားပင်လှစိုက်ပျိုးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးမြို့နယ် ရှားပင်လှ စိုက်ပျိုးမွေးမြူရေး ဇုန်အတွင်း ဥစားကြက် မွေးမြူထားရှိမှုကို ကြည့်ရှု စစ်ဆေးစဉ်။

ယင်းနောက် ရှင်းလင်းဆောင်ခန်းမတွင် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် မွေးမြူရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရှားပင်လှစိုက်ပျိုးမွေးမြူရေးဇုန်ဆိုင်ရာအချက်အလက်များနှင့် ဇုန်အတွင်း၌ သမဝါယမအသင်းများစုပေါင်း၍ ဥစားကြက်မွေးမြူရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စနစ်တကျလယ်ယာမြေဖော်ထုတ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုကို အထောက်အကူဖြစ်ရန် ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးဇုန် ဖော်ထုတ်ဆောင်ရွက်ခဲ့မှုနှင့် မြေအသုံးချမှု၊ စိုက်ပျိုးမည့်သီးနှံပုံစံ၊ စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မကွေးတိုင်းဒေသကြီးအတွင်း၌ ပြောင်း၊ ပဲ၊ ဖွဲ၊ ဆန်ကွဲတို့ ထွက်ရှိသည်ဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို ဒေသတွင်း၌ပင် ထုတ်လုပ်သုံးစွဲသွားကြရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားပြီး စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စနစ်တကျလယ်ယာမြေဖော်ထုတ်ထားရှိမှု၊ ရေရရှိရေးဆောင်ရွက်ထားရှိမှုနှင့် စပါးမျိုးကွဲများကို ပျိုးထောင်ထားရှိမှုအခြေအနေများ၊ ဥစားကြက်မွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေး-နေပြည်တော်လမ်း ကံပြားလမ်းဆုံအနီး ငွေးတောက်စမ်းကျေးရွာရှိ ကောင်းကိုအုပ်စုကုမ္ပဏီလီမိတက်၌ ကြည့်ရှုစစ်ဆေးစဉ်။

# မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဝါတင်ပို့ရောင်းချသည့်နိုင်ငံအဖြစ် မလွဲမသွေတည်ဆောက်နိုင်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**ဝါစိုက်ပျိုးမှုများ မှန်မှန်ကန်ကန်ဖြစ်ရန်နှင့် စိုက်ကေများ မှန်ကန်ရန်လိုသကဲ့သို့ စာရင်းဇယားများလည်း မှန်ကန်ရန်လို၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါစိုက်ပျိုးဖြစ်ထွန်းပြီး ဝါစိုက်ကေများတည်ငြိမ်မှုရှိရန်နှင့် အထွက်နှုန်းများကောင်းမွန်နေရန်လို၊ ပြည်တွင်းထုတ်ဝါမျိုးများကို အပြည့်အဝ ထုတ်လုပ်နိုင်ရန်လိုပြီး အရည်အသွေးများ တည်ငြိမ်ကောင်းမွန်နေစေရေး အမြဲသုတေသနပြု သုံးသပ်ဆန်းစစ်ဆောင်ရွက်သွားရန်လို. . .**

နေပြည်တော် ဇူလိုင် ၁၃

ပြည်တွင်းဝါစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လာစေရန်၊ ဝါစိုက်ပျိုးထုတ်လုပ်သည်မှ အထည်အလိပ်ထုတ်လုပ်သည်ထိ ကွင်းဆက်တစ်လျှောက် အဆင့်ဆင့်တိုးတက်စေရန် ရည်ရွယ်၍ ကျင်းပသည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူအစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့တို့အပါအဝင် ဝါလုပ်ငန်းဆိုင်ရာအစုအဖွဲ့များမှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဝါလုပ်ငန်းဆိုင်ရာ အစုအဖွဲ့များမှ လုပ်ငန်းရှင်များက ဆွေးနွေးပွဲရလဒ်များအရ လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေး

ဦးစွာ ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် ဝါလုပ်ငန်းဆိုင်ရာအစုအဖွဲ့များမှ ဆွေးနွေးပွဲရလဒ်များကို တင်ပြကြရာတွင် ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့နှင့် ဝါစေ့ကြိတ်ခွဲ ရောင်းချသူအစုအဖွဲ့များကိုယ်စား ဦးလင်းမြတ်က ဝါမျိုးစေ့များ အဆင့်အတန်းမီပြီး အရည်အသွေးကောင်း ဝါဂွမ်းနှင့် ချည်ထည်များထုတ်လုပ်နိုင်စေရန်အတွက် တစ်နိုင်တစ်ပိုင်ထုတ်လုပ်နေသည့်အစား ဌာန၊ တောင်သူ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများပူးပေါင်း၍ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်မှု၊ အရည်အသွေးကောင်းဂွမ်းများ Grade A,B ရရှိနိုင်မည့် ပြည်ပဝါစပ်မျိုးများကို ရေတိုအနေဖြင့် တင်သွင်းရန်နှင့် ရေရှည်အနေဖြင့် မိဘမျိုးရင်းများကို တင်သွင်းပြီး ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးသွားရန်လိုအပ်မှု၊ ဝါကြိတ်စက်လုပ်ငန်းများနှင့် ဝါစေ့ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ချေးပေးစေလိုမှုတို့ကိုလည်းကောင်း၊ ဝါစိုက်တောင်သူအစုအဖွဲ့မှ ဦးစိုးလှိုင်ဦးက ဝါစိုက်တောင်သူများအနေဖြင့် ပြည်တွင်းမျိုးဖြစ်သည့် ရွှေတောင် (၁၀)နှင့် ပြည်ပစပ်မျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိပြီး သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ စက်သုံးဆီ၊ စက်ငှားခတို့ကို အပြည့်အဝ ထည့်သွင်းနိုင်ရေးအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးစေလိုမှု၊ စိုက်ပျိုးရေ အလုံအလောက် ရရှိနိုင်ရေးအတွက် စဥ့်ကိုင်မြို့နယ်တွင် ဆိုလာရေတင်စနစ်များ ဆောင်ရွက်ပေးစေလိုမှု၊ မြစ်သားမြို့နယ်တွင် ကင်းတားရေပေးအလှည့်ကျစနစ်ကို ဒီဇင်ဘာလထိ တိုးမြှင့်ပေးစေလိုမှု၊ ပခုက္ကူမြို့နယ်တွင် မြေအောက်ရေရရှိရေး ဆောင်ရွက်ပေးစေလိုမှု၊ ဝါဈေးနှုန်းကို ဆန်စပါးကဲ့သို့ အခြေခံရည်ညွှန်းဈေးနှုန်း သတ်မှတ်ပေးစေလိုမှုတို့ကိုလည်းကောင်း၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူအစုအဖွဲ့နှင့် ဝါဂွမ်းနှင့် ချည်ထည်ထုတ်လုပ်သူအစုအဖွဲ့များကိုယ်စား ဦးဇေယျာညီညီထွန်းက ပြုပြင်ရန်လိုအပ်သည့် ပြည်တွင်းဝါကြိတ်စက်များအတွက် ပြည်တွင်း၌ မထုတ်လုပ်နိုင်သည့် စက်အရန်ပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းခွင့်ရရှိရေး ပံ့ပိုးပေးစေလိုမှု၊ ချည်မျှင်ထုတ်လုပ်သည့် နည်းပညာမြင့်ခေတ်မီစက်များ တင်သွင်းခွင့်ပြုပေးစေလိုမှု၊ ချည်မျှင်ထုတ်လုပ်ခြင်း နည်းပညာသင်တန်းများ ပို့ချပေးစေလိုမှုတို့ကိုလည်းကောင်း။

ဝါချည်နှင့် ပိတ်ရက်လုပ်သူအစုအဖွဲ့နှင့် ဝါချည်မှ ပုဆိုး၊ လုံချည်၊ တဘက်၊ စောင်၊ အိပ်ရာခင်းထုတ်လုပ်သူအစုအဖွဲ့များကိုယ်စား ဒေါ်သီရိရတနာလှိုင်က လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်သည့်ပိတ်လိပ်များကို ဈေးကွက်လိုအပ်ချက်အတိုင်း ပြည်တွင်း၌ပင်ထုတ်လုပ်ပေးစေလိုမှု၊ ပိတ်လိပ်ကုန်ချောထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီသည့် ဓာတ်ဆေး၊ ဆိုးဆေးကုန်ကြမ်းများကို တင်သွင်းခွင့်ရရှိလိုမှုနှင့် ခေတ်မီအဆင့်မြင့် ဆိုးဆေးစက်ရုံများ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးစေလိုမှု၊ နိုင်ငံတော်ပိုင်ဆိုးဆေးစက်ရုံများမှ ဆေးဆိုးပြီးပိတ်များကို ရောင်းချပေးစေလိုမှု၊ ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်ကျယ်ကျယ်



ဝါစိုက်တောင်သူအစုအဖွဲ့မှ ဦးစိုးလှိုင်ဦး ဆွေးနွေးတင်ပြစဉ်။

ပြန့်ပြန့်ရရှိရန်နှင့် ပြည်ပဈေးကွက်များ ချိတ်ဆက်ပေးစေလိုမှု၊ ရက်ကန်းလုပ်ငန်းသည် မြန်မာတို့၏ မိရိုးဖလာလက်မှုပညာရပ်တစ်ခုဖြစ်သည့်အတွက် "မြန်မာနိုင်ငံအမျိုးသားရက်ကန်းနေ့"ကို သတ်မှတ်ဆောင်ရွက် ပေးစေလိုမှုတို့ကိုလည်းကောင်း၊ ဖိုးပြုံးချိုအထည်ချုပ်စက်မှ ဦးနိုင်အောင်ရန်က ချည်မျှင်ထုတ်လုပ်သည့်စက်ရုံများအတွက် တည်ငြိမ်လျှပ်စစ်ဓာတ်အား ၂၄ နာရီရရှိရေး ဆောင်ရွက်ပေးစေလိုမှု၊ ရင်းနှီးမတည်ငွေများထုတ်ချေးပေးစေလိုမှုနှင့် ပြည်တွင်းထုတ်ဝါအရည်အသွေးများ တည်ငြိမ်မှုရှိစေရေးဆောင်ရွက်ရန်လိုအပ်မှုတို့ကို လည်းကောင်း၊ ကိန္နရီဆေးဆိုးပန်းရိုက် အထည်ချုပ်လုပ်ငန်းမှ ဦးလှမျိုးက ဝါမှအထည်ချောထိ ထုတ်လုပ်သည့် ကွင်းဆက်လိုအပ်ချက်အတွက် ဒေသတွင်းချည်မျှင်ထုတ်လုပ်သည့်စက်(Spinning mill) တည်ထောင်လိုမှုနှင့်လိုအပ်သည့် အခြေခံအဆောက်အအုံနှင့် နည်းပညာဆိုင်ရာအခက်အခဲများကို နိုင်ငံတော်က ကူညီဆောင်ရွက်ပေးစေလိုမှုတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

## ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးဇော်သိန်း၊ ဒေါက်တာချာလီသန်းတို့က "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲတွင် အစုအဖွဲ့များနှင့် ဆွေးနွေးမှုများအရ ဝါမျိုးစေ့ထုတ်လုပ်ခြင်း၊ ဝါစိုက်ပျိုးခြင်း၊ ဝါစေ့ဆီထုတ်လုပ်ခြင်း၊ ဝါဂွမ်း၊ ချည်မျှင်နှင့်အထည်အလိပ်ထုတ်လုပ်ခြင်း စသည်ဖြင့် ကွင်းဆက်တစ်ခုလုံးတွင် ကြုံတွေ့နေရသည့်အခက်အခဲများ၊ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များကို လိုအပ်သည့်ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားနိုင်မည့် အခြေအနေများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဝါလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ ပြည်တွင်း၊ ပြည်ပလေ့လာရေးသင်တန်းများ၊ စက်ပစ္စည်းနှင့် နည်းပညာများ၊ လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှု အခြေအနေများနှင့် အခြားလိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ဝါနှင့်ဝါထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်

စာမျက်နှာ ၂၀ သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သက်ဆိုင်ရာအစုအဖွဲ့အလိုက် ခင်းကျင်းပြသထားသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုလေ့လာစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်းကောင်း ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

## ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြား

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်လမ်းညွှန်အမှာစကားပြောကြားရာတွင် ဝါလုပ်ငန်းဆိုင်ရာအစုအဖွဲ့များ၏ ဆွေးနွေးချက်များအရ နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ တောင်သူများအပိုင်းက လုပ်ဆောင်ရမည့် ကိစ္စရပ်များ၊ ထုတ်လုပ်သူများအပိုင်းက ဆောင်ရွက်ရမည့်ကိစ္စရပ်များဟူ၍ တွေ့ရှိရကြောင်း၊ အဓိကအားဖြင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို မြှင့်တင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများသည် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်စေနိုင်သည်ဖြစ်သဖြင့် ဝါစိုက်ပျိုးထုတ်လုပ်မှုကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေး ယခုဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ အဆင့်မြင့်ကုန်ချောထုတ်လုပ်သူနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား၌ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများတိုးတက်စေလိုခြင်းကြောင့် ဆွေးနွေးဆောင်ရွက်စေခြင်းဖြစ်ပြီး ဝါနှင့်ပတ်သက်၍ နိုင်ငံတော်တွင် ပထမဆုံးဆောင်ရွက်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း။

နိုင်ငံ့စီးပွား တိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ထုတ်လုပ်မှုပင်ဖြစ်ပြီး ဝါစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုများ မှန်မှန်ကန်ကန်ဖြစ်ရန်နှင့် စိုက်ဧကများ မှန်ကန်ရန်လိုသကဲ့သို့ စာရင်းဇယားများလည်း မှန်ကန်ရန်လိုကြောင်း၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါစိုက်ပျိုးဖြစ်ထွန်းပြီး ဝါစိုက်ဧကများ တည်ငြိမ်မှုရှိရန်နှင့် အထွက်နှုန်းများ ကောင်းမွန်နေရန်လိုကြောင်း၊ ဝါမျိုးကောင်းများ စိုက်ပျိုးနိုင်မည်ဆိုပါက အရည်အသွေးကောင်းမွန်သည့် ချည်မျှင်များရရှိမည်ဖြစ်သဖြင့် ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး မိမိအနေဖြင့် အမြဲအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ဝါမျိုးများရရှိစေရေး ပြည်တွင်း၌ သုတေသနပြုထုတ်လုပ်လျက်ရှိသကဲ့သို့ ပြည်ပမှလည်း မှာယူတင်သွင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းထုတ်ဝါမျိုးများကို အပြည့်အဝထုတ်လုပ်နိုင်ရန်လိုပြီး အရည်အသွေးများ တည်ငြိမ်ကောင်းမွန်နေစေရေး အမြဲသုတေသနပြုသုံးသပ်ဆန်းစစ်ဆောင်ရွက်သွားရန်လိုကြောင်း။

ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ဝါစိုက်တောင်သူများ၏ လိုအပ်ချက်များကိုလည်း ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်သည် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ဝါမျိုးများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာ ဝါစိုက်တောင်သူအစုအဖွဲ့များကလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေပြုပြင်ခြင်းနှင့်ပတ်သက်၍ သဘာဝဓာတ်မြေသြဇာများ အသုံးပြုလျက်ရှိသကဲ့သို့ ပိုက်ဆန်လျှော် စိုက်ပျိုးခြင်းဖြင့်လည်း မြေပြုပြင်ခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ကျွဲ၊ နွားမွေးမြူခြင်းများမှရရှိသည့် နွားချေးများကိုလည်း သဘာဝဓာတ်မြေသြဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများဖြင့် သဘာဝဓာတ်မြေသြဇာများပြုလုပ်၍လည်းအသုံးပြုနိုင်ကြောင်း၊ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာများ စနစ်တကျထည့်သွင်းပေးခြင်းဖြင့်လည်း အထွက်နှုန်းများ တိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့်စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးရာတွင်လည်း နည်းစနစ်တကျနှင့်အညီ စိုက်ပျိုးသွားမှသာလျှင် အထွက်နှုန်းများ တိုးတက်ကောင်းမွန်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဝါနှင့်ပတ်သက်၍ ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပဈေးကွက်များကို စနစ်တကျ သုတေသနပြုလုပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် ဝါစိုက်ပျိုးသည့်နိုင်ငံများ ရှိသကဲ့သို့ ဝါတင်သွင်းသည့် နိုင်ငံများလည်း များစွာရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင်လည်း ဝါလိုအပ်ချက်များရှိသဖြင့် အမျိုးအစားကောင်းသည့် ချည်မျှင်ရှည်ဝါများ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

ဝါထုတ်လုပ်မှုနှင့်ပတ်သက်၍ ယခင်နိုင်ငံတော်ပိုင် ချည်မျှင်နှင့်အထည်စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် ရက်ကန်းစက်များအဆင့်မြှင့်တင်နိုင်ရေး၊ ခေတ်မီရက်ကန်းစက်များအသုံးပြုနိုင်ရေးလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်များအလိုက် ချည်ထည်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရက်ကန်းစက်များ အဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်က ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ဝါများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်ဆောင်ရွက်သွားကြရန်လိုပြီး ထိုသို့ဆောင်ရွက်ရာတွင်လည်း ပြည်တွင်းလိုအပ်ချက်နှင့် ပြည်ပဈေးကွက်လိုအပ်ချက်ကို စနစ်တကျတွက်ချက်၍ ဆောင်ရွက်ရန်လိုကြောင်း။

ဝါထုတ်လုပ်မှု တိုးတက်လာစေရေး မိမိအနေဖြင့် ပြည်တွင်း၌ ဝါကြိတ်စက်များ ထုတ်လုပ်ရန် တပ်မတော်ကို တာဝန်ပေးဆောင်ရွက်ခဲ့ပြီး ယခုအခါအရည်အသွေးမီသည့် ဝါကြိတ်စက်ကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂/၈၀ ချည်များ ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနနှင့် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံတို့တွင် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ဝါထုတ်လုပ်မှု တိုးတက်စေရေးအတွက် စုပေါင်းသမဝါယမစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ဝါကြိတ်စက်၊ ချည်မျှင်စက်နှင့် ရက်ကန်းစက်များ တိုးတက်စေရေး နိုင်ငံတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြေအသုံးချမှုများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်ကတည်းကပင် မမှန်မကန်ဆောင်ရွက်မှုများရှိခဲ့ပြီး ချမှတ်ထားသည့် ဥပဒေသတ်မှတ်ချက်များကို သိရှိနားလည်မှုမရှိခြင်း၊ ချိုးဖောက်ဆောင်ရွက်ခဲ့ခြင်းများကြောင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကန့်သတ်ချက်အချို့ ဖြစ်ပေါ်လျက်ရှိကြောင်း၊ စိုက်ပျိုးမြေနေရာများတွင် အခြားနည်းများဖြင့် အသုံးချခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုပြီး ခွင့်ပြုချက်များအရ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရာတွင်လည်း စနစ်တကျခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဝါတင်ပို့ရောင်းချသည့် နိုင်ငံအဖြစ် မလွဲမသွေတည်ဆောက်နိုင်ကြောင်း၊ ယခုကျင်းပခဲ့သည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှု လုပ်ငန်းဆီသို့" ဆွေးနွေးပွဲမှတစ်ဆင့် ထွက်ပေါ်လာသည့် ဆွေးနွေးချက်များ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းအတွေ့အကြုံများနှင့် လိုအပ်ချက်များကို အပြန်အလှန်အမြင်ချင်း ဖလှယ်ဆွေးနွေးခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်ခဲ့သည်ကိုတွေ့ရှိရပြီး လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊** ယခုကျင်းပခဲ့သည့်ဆွေးနွေးပွဲသည် အောင်မြင်သည့် ဆွေးနွေးပွဲတစ်ခုဖြစ်ခဲ့ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်ရန်အတွက် နည်းလမ်းရှာဖွေခြင်းပင် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သက်ဆိုင်ရာအစုအဖွဲ့အလိုက် ခင်းကျင်းပြသထားသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာပြခန်းများကို လိုက်လံကြည့်ရှုလေ့လာခဲ့ကာ ပြခန်းများအလိုက် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် အလုပ်အကိုင်အခွင့်အလမ်း များ ဖန်တီးပေးရေး၊ ကျောင်းအဆင့်မြှင့်တင်ပေးနိုင် ရေး၊ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံ ဖွင့်လှစ်ပေး နိုင်ရေး၊ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ တိုက်နယ်ဆေးရုံ တိုးမြှင့်ပေးနိုင်ရေး၊ ကျန်းမာရေး ဝန်ထမ်းများပြည့်မီစွာခန့်ထားပေးရေး၊ ကျောက်မျက် ဈေးတစ်ခု တရားဝင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ဝါးလုပ်ငန်း ပြည်ပဈေးကွက်ရရှိရေး၊ နိုင်ငံ့ဝန်ထမ်း များ ပင်စင်ယူသည့်အခါ နေထိုင်မှုအဆင်ပြေစေရန် မြေကွက်များချထားပေးရေး၊ အခွန်လွတ်ဈေးများ ဖွင့်လှစ်ပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြစ်ကူး၊ ချောင်းကူးတံတားများ တည်ဆောက်ပေး နိုင်ရေး၊ အခြေခံပညာကျောင်းများ လာမည့်ပညာသင် နှစ်တွင် ပိုမိုဖွင့်လှစ်နိုင်ရေးနှင့် ဆရာ၊ဆရာမ အင်အား ဖြည့်ဆည်းပေးရေး၊ ကျောင်းဆောင်သစ်များ အပြီး သတ်တည်ဆောက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက် ကြသည်။

ဦးစွာ ကျေးသီးမဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး၏ **လူငယ်အများအပြား ပြည်ပထွက်ခွာမှု လျှော့ချနိုင်ရန် အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက် ထားကြောင်း သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင် မောင်သန်းက နိုင်ငံတော်အနေဖြင့် ပြည်တွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာ ပြီး အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်လျက် ရှိသည့်အပြင် MSME လုပ်ငန်းများသည် အလုပ် အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး ဒေသခံ ပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်သည့် အဓိကကျသော လုပ်ငန်းများ ဖြစ်၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဖွဲ့စည်း၍ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက် လာအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

CMP လုပ်ငန်းများရေရှည်တည်တံ့အောင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဝိုင်းဝန်းဆောင် ရွက်ပေးလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာရရှိနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ ဦးစားပေးဖိတ်ခေါ်ခြင်းဖြင့် အလုပ်အကိုင်အခွင့် အလမ်းများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ GTI အဆင့်ရှိကျောင်းကို GTC အဆင့် သို့ ပြန်လည်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် ကချင် ပြည်နယ်အတွင်း Polytechnic University မြစ်ကြီး နားနှင့် ဗန်းမော်၊ အစိုးရစက်မှုလက်မှုသိပ္ပံ မိုးညှင်းနှင့် ပူတာအို၊ အစိုးရနည်းပညာအထက်တန်းကျောင်း မြစ်ကြီးနား၊ ဗန်းမော်နှင့် ပူတာအို၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (မိုးညှင်း)တို့ကို ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက် ရှိပါကြောင်း။

GTI ကျောင်းများ၏ သဘောသဘာဝသည် B.Tech ၏ သဘောသဘာဝနှင့် နှိုင်းယှဉ်ပါက သက်ဆိုင်ရာ ပညာရပ်နယ်ပယ်တွင် လက်တွေ့ ကျွမ်းကျင်ရန် ပိုမိုဦးစားပေးသည့် သဘာဝရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်းအရလည်း ပိုမိုအားသာ မှုရှိပါကြောင်း။

သို့ဖြစ်ပါ၍ မိုးညှင်းတွင် GTI သင်တန်းများ ဆက်လက်ဖွင့်လှစ်ခြင်းဖြင့် နှစ်စဉ် ကျောင်းသား ဦးရေ ပိုမိုများပြားစွာတက်ရောက်နိုင်သည့် အခွင့် အရေးရှိသည့်အပြင် အဆင့်မီပါက B.Tech သင်တန်း နှင့် B.E သင်တန်းများသို့လည်း ဆက်လက်တက် ရောက်နိုင်သည့် အခွင့်အလမ်း စသည့်အားသာချက် များရှိပါသဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ GTI ကျောင်းကို GTC အဆင့်သို့မြှင့်တင်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ဝင်းဆွေ၏ **မြန်အောင်မြို့နယ် ကနောင်မြို့တွင် အစိုးရနည်းပညာ ကောလိပ်၊ သိပ္ပံ (GTC၊ GTI) တည်ထောင်ဖွင့်လှစ်ပေး နိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က သိပ္ပံနှင့် နည်း ပညာဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး အတွင်း၌ Polytechnic University(မအူပင်)၊ နည်းပညာတက္ကသိုလ်ဟင်္သာတနှင့် ပုသိမ်၊ အစိုးရ စက်မှုလက်မှုသိပ္ပံ ကျိုက်လတ်၊ ဝါးခယ်မ၊ လပွတ္တာ၊ အစိုးရ နည်းပညာအထက်တန်းကျောင်း ပုသိမ်၊ မအူပင်၊ ဟင်္သာတ၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ဒေးဒရဲ၊ ချင်း မြောင်၊ စကြေ့ာ၊ ကျုံပျော်၊ ဂုန်နီ၊ လပွတ္တာ၊ ပုသိမ်၊ ဟင်္သာတတို့ကို ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ကနောင်မြို့တွင် အစိုးရနည်းပညာ ကောလိပ်၊ သိပ္ပံ (GTC၊ GTI) တည်ထောင်ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး ၏ **သံတောင်မြို့သစ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ပြန်လည်ဖွင့်လှစ်နိုင်မှု ရှိ၊ မရှိ ရှိပါက မည်သည့်အချိန် တွင် ဖွင့်လှစ်မည်နှင့် မရှိပါက အဘယ်ကြောင့် မဖွင့် နိုင်ကြောင်းကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ၂၅ ခုတင်ဆံ့ သံတောင်မြို့ ပြည်သူ့ ဆေးရုံသည် ၂၀၂၂ ခုနှစ်တွင် ဝန်ထမ်းများ လုပ်ငန်း ခွင်စွန့်ခွာ DCS လုပ်ခဲ့သဖြင့် ဆေးရုံလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရပါကြောင်း၊ နယ်မြေအခြေအနေ တိုးတက်လာပြီဖြစ်သော်လည်း ဆေးရုံဝင်းအတွင်း စနစ်တကျ ရှင်းလင်းဆောင်ရွက်ရန် လိုအပ်နေသေး ခြင်း၊ အဆောက်အအုံပြုပြင်မှုနှင့် ဆေးရုံသုံးပစ္စည်း များ စိစစ်ဖြည့်တင်းခြင်းဆောင်ရွက်ရန် လိုအပ်နေ ခြင်းတို့ကြောင့် ဆေးရုံကို လတ်တလော ပြန်လည် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်၍ ဆေးရုံလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရန်အတွက် ပြည်နယ်အစိုးရ၊ လုံခြုံရေး အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်း နေပါကြောင်း။

သံတောင်မြို့ ပြည်သူ့ဆေးရုံ မဖွင့်လှစ်သေးနိုင် သည့်အချိန်အတွင်း သံတောင်မြို့ မိခင်နှင့် ကလေး ကျန်းမာရေးဌာနတွင် ပြင်ပလူနာများ နေ့စဉ်ကုသနိုင် ရန်အတွက် ကျန်းမာရေးဝန်ထမ်းများ တာဝန်ပေး အပ်ချထားရန် စီစဉ်နေပါကြောင်း ပြန်လည် ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်း မြို့နယ် တမာကုန်း ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ များတွင် သတ်မှတ်ဝန်ထမ်းများ ပြည့်မီစွာခန့်ထား ပေးရန်နှင့် မြွေဆေးနှင့် ခွေးရူးပြန်ကာကွယ်ဆေး အပါအဝင်ဆေးဝါးများ ဖြန့်ဝေထားရှိပေးရန် အစီ အစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဝမ်းတွင်းမြို့နယ် တမာကုန်း ကျေးလက်ကျန်းမာရေးဌာနသည် ဝမ်းတွင်းမြို့နယ် ပဲခင်းကျော်ကျေးရွာအုပ်စု တမာကုန်းကျေးရွာတွင် တည်ရှိပြီး ကျန်းမာရေးဝန်ထမ်းအင်အား ခြောက်ဦး ဖြင့် ကျေးရွာအုပ်စုပေါင်း ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၂၂ ရွာ၊ အိမ်ခြေ ၆၈၆၆၊ လူဦးရေ ၂၉၀၀၀ ကျော်တို့ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း၊ အဆိုပါ ကျေးလက်ကျန်းမာရေးဌာနသည် ရန်ကုန်- မန္တလေးလမ်းဟောင်းမှ မိုင်ဝက်ခန့်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ရာသီမရွေးသွားလာနိုင်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုက်နယ် ဆေးရုံများ အသစ်ဖွင့်လှစ်ခြင်း ဆောင်ရွက်ရာတွင် ဒေသလိုအပ်ချက်၊ လက်ရှိ ကျေးလက်ကျန်းမာရေး ဌာန၏ ကျန်းမာရေးစောင့်ရှောက်နိုင်မှု အခြေအနေ၊ ဝန်ကြီးဌာန၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် တို့အပေါ်မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ သို့ဖြစ်ပါ၍ တမာကုန်းကျေးလက်ကျန်းမာ ရေးဌာနကို ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ရန် လတ်တလော ဆောင်ရွက်ပေးနိုင် ခြင်း မရှိသေးပါကြောင်း။

ဝမ်းတွင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆရာဝန် သုံးဦး၊ သူနာပြု ၁၀ ဦး၊ ကျွမ်းကျင်နှင့် အခြားဝန်ထမ်း များ ၂၄ ဦး၊ မြို့နယ်အတွင်းတွင် အောင်ချမ်းသာ၊ နေပူကုန်း၊ ညောင်အုပ်ဖီး၊ ပင်းတလဲ တိုက်နယ်ဆေးရုံ လေးခုရှိပြီး တိုက်နယ်ဆေးရုံတိုင်းတွင် ဆရာဝန် တစ်ဦးစီ တာဝန်ထမ်းဆောင်လျက်ရှိပြီး ယင်း တိုက်နယ်ဆေးရုံများတွင် သူနာပြု ၁၄ ဦး၊ အခြား ဝန်ထမ်း ၁၅ ဦးတို့လည်း တာဝန်ထမ်းဆောင်လျက်ရှိ ပါကြောင်း။

ဖွဲ့စည်းပုံအရ သားဖွားဆရာမ တစ်ဦးနှင့် ကျန်းမာရေးကြီးကြပ် တစ်ဦး စုစုပေါင်း နှစ်ဦးရှိရမည် ဖြစ်သော်လည်း အခြေအနေအရ အချို့သော ဌာနခွဲ များတွင် အနည်းဆုံး တစ်ဦးစီရှိရန် ဆောင်ရွက်ပေး နေပါကြောင်း၊ လက်ရှိတွင် မြွေဆိပ်ဖြေဆေးအနေဖြင့် ဝမ်းတွင်းမြို့နယ် ဆေးရုံတွင် ၉၅ လုံး၊ တိုက်နယ် ဆေးရုံလေးခုတွင် အလုံး ၁၇၀၊ တမာကုန်း ကျေးလက် ကျန်းမာရေးဌာနတွင် မြွေဆိပ်ဖြေဆေး နှစ်လုံး၊ ခွေးရူးပြန်ကာကွယ်ဆေးအနေဖြင့် မြို့နယ် ဆေးရုံတွင်အလုံး ၅၀၊ တိုက်နယ်ဆေးရုံ လေးခုတွင် အလုံး ၁၀၀ လက်ကျန်ရှိနေပါကြောင်း ပြန်လည် ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့ တွင် နိုင်ငံတော်၏ကြီးကြပ်မှုဖြင့် ကျောက်မျက်ဈေး တစ်ခု တရားဝင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် အစီ အစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးက စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့သည် မန္တလေးမြို့တွင်ရှိသည့် ကျောက်မျက် အချောထည်ဈေးနှင့် မဝေးခြင်း၊ လွယ်ကူစွာသွားလာ၍ရခြင်း၊ စစ်ကိုင်းမြို့တွင် ငလျင် သဘာဝဘေး ပြန်လည်ထူထောင်ရေး ဆောင်ရွက် လျက်ရှိခြင်း၊ လုံခြုံရေးပြန်လည်စိုးမိုးသည့်ဒေသများ တွင် အုပ်ချုပ်ရေးယန္တရားနှင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင် လျက်ရှိခြင်းတို့ကြောင့် လတ်တလောအခြေအနေတွင် ကျောက်မျက်ဈေးတစ်ခု ပြန်လည်ဖွင့်လှစ်ရန် အစီ အစဉ်မရှိသေးပါကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်း ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် ပြီးချိန်တွင် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **ဝါး သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ထုတ်ယူ ဆောင်ရွက်နေမှုတို့တွင် နိုင်ငံခြားဈေးကွက်နှင့် နိုင်ငံခြားငွေရရှိမှုများသိလိုခြင်းနှင့် MSME စီးပွား ရေးလုပ်ငန်းများ နိုင်ငံခြားဈေးကွက်ရရှိရန် ဝန်ကြီး ဌာနများမှ ဈေးကွက်ရှာဖွေပေးမှုနှင့် ပူးပေါင်းကူညီ ဆောင်ရွက်နေမှုအခြေအနေတို့ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် ပေါက် ရောက်ပါကြောင်း၊ ဝါးသယံဇာတစာရင်းအရ နှစ်စဉ် ခွင့်ပြုတောထွက်ပမာဏအရ ဝါးအလုံး ၃၁၈ ဒသမ ၃၂၅ သန်း ထုတ်လုပ်နိုင်ပါကြောင်း၊ ဝါးစိုက်ခင်းများ ကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ စတင်ခွင့်ပြုခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လထိ ပုဂ္ဂလိက စက်မှုကုန်ကြမ်းဝါးစိုက်ခင်း ၄၈၁၅ ဒသမ ၅ ဧက ခွင့်ပြုပြီးဖြစ်ပါကြောင်း။

ဝါးနှင့် ဝါးထုတ်ကုန်ပစ္စည်းများကို အိန္ဒိယ၊ ပါကစ္စတန်၊ စင်ကာပူ၊ အီတလီ၊ တရုတ် စသည့်နိုင်ငံ တို့သို့တင်ပို့ခဲ့ရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် မေလကုန်ထိ ဝါးခြမ်းစိတ်၊ ဝါးလုံး၊ ဝါးဖျာ၊ အမွှေးတိုင်၊ ဝါးယင်းလိပ် စသည့်ဝါးထုတ်ကုန် ပစ္စည်းများ ပြည်ပတင်ပို့ခဲ့ပြီး စုစုပေါင်း အမေရိကန် ဒေါ်လာ ၂၄၅၆၃၄၆ ဒသမ ၃ ကို ရရှိခဲ့ပါကြောင်း။

MSME ထုတ်ကုန်များကို ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိရေးအတွက် ပြည်ပရှိ စီးပွားရေးသံမှူး များနှင့်ချိတ်ဆက်ခြင်း၊ ပြည်တွင်း လက်လီ၊လက်ကား ဖြန့်ဖြူးသူများနှင့် ချိတ်ဆက်ပေးခဲ့ပါကြောင်း၊ ဝါး တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် လိုအပ်သည့် စက်မှု ကုန်ကြမ်းများရရှိရေး၊ စက်ပစ္စည်းကိရိယာများ ရရှိ ရေးနှင့် ပြည်ပဈေးကွက် ချိတ်ဆက်ရရှိရေးတို့အတွက် ပူးပေါင်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရေတာရှည်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းမိုး၏ **နိုင်ငံ့ဝန်ထမ်းများ ပင်စင်ယူသည့်အခါ နေထိုင်ရေး အဆင်ပြေစေရန် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြေကွက်များ ဖော်ထုတ်ချထားပေး ရန်အစီအစဉ် ရှိ၊ မရှိ**

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

**မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် မြေကွက်ဖော်ထုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါက နေထိုင်ရန် အခက်အခဲရှိသည့် လုပ်သက်ရှည်လျားပြီး မြေကွက် မရရှိသေးသောဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်း ကောင်းတံဆိပ်ရရှိထားသူများ၊ အငြိမ်းစားယူရန် နီးကပ်နေသောဝန်ထမ်းများ၊ အခြေခံလစာနည်းပါး သော်လည်း တာဝန်ကျေပွန်စွာထမ်းဆောင်နေသော ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အညီ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း၏ **အခွန်လွတ်ဈေးများဖွင့်လှစ်ရန်နှင့် ဒေသထွက်ကုန်များ သယ်ယူရာတွင် ငွေကြေးကောက်ခံသည့်နေရာများ လျှော့နည်းအောင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မရှိပါက အဘယ်ကြောင့်နှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ကောင်စီဝင် ဦးဝင်းမိုးခိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် စည်ပင်သာယာရေးကော်မတီပိုင်ဈေး ၃၈ ခုတွင် ဒေသထွက်ကုန်ပစ္စည်းများကို မည်သူမဆို လွတ်လပ်စွာရောင်းချနိုင်ရန် ပုံကျနေရာများ အခမဲ့ စီစဉ်ဆောင်ရွက်ပေးထားပြီး အဆိုပါနေရာများတွင် လာရောက်ရောင်းချသည့် ဈေးသည်များကို ကုန်ပစ္စည်းများရောင်းချခြင်း အတွက် အကျယ်အဝန်းအလိုက် သင့်တင့်သောနှုန်းထားများဖြင့် နေ့စဉ်ပုံကျ ဈေးကောက်တစ်မျိုးတည်းသာ ကောက်ခံပြီး နံနက်ဈေး၊ ညဈေးများ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် အခွန်လွတ်ဈေးသီးသန့် ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်မှုမရှိပါကြောင်း။

ကရင်ပြည်နယ်အနေဖြင့် ပြည်သူများသက်သာသောဈေးနှုန်းဖြင့် ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများကို ဝယ်ယူနိုင်ရေးအတွက် အခွန်လွတ်ဈေးများကို အပတ်စဉ် ဗုဒ္ဓဟူး၊ စနေနေ့တို့တွင် ဘားအံမြို့၌ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ ရောင်းချသည့် တောင်သူလယ်သမားဈေးကို အပတ်စဉ် အင်္ဂါ၊ စနေနေ့များတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် ဟင်းသီးဟင်းရွက်နှင့် အခြားထွက်ကုန်ပစ္စည်းများကိုရောင်းချရန် ပုံကျဈေးရုံများဆောက်လုပ်၍ ရောင်းချခွင့်ပြုလျက်ရှိပါကြောင်း၊ ဈေး၏ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအတွက် လုပ်အားခကုန်ကျစရိတ်မျှသာဖြစ်သဖြင့် ဈေးသည်များ ဈေးကောက်နှုန်းထားအရ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့်အပြင် ဈေးသန့်ရှင်းသာယာလှပရေးကိုလည်း ဆောင်ရွက်ပေးနိုင်ပါကြောင်း၊ သီးသန့်အခွန်လွတ်ဈေးအဖြစ် ထားရှိမည်ဆိုပါက ဈေးအတွက် ရန်ပုံငွေလိုအပ်မည်ဖြစ်ပါသောကြောင့် အခွန်လွတ်ဈေးအဖြစ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၂၈ မြို့နယ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်မွေးမြူသူများကို အခွန်ငွေကြေးကောက်ခံမှုမရှိဘဲ အခွန်လွတ်ဈေးနေရာ သတ်မှတ်ပေးပြီး သက်သာသောဈေးနှုန်းများဖြင့် ရောင်းချစေရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ စားသုံးသူပြည်သူများကို ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်ရောင်းချသူများအတွက် အခွန်လွတ်ဈေးများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း အချိန်၊ နေရာ၊ ရက်သတ်မှတ်၍ စနစ်တကျဖွင့်လှစ်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မွန်ပြည်နယ်အနေဖြင့် မြို့နယ်အလိုက် ရောင်းချပေးသည့် ဈေးနေရာနှင့်ရက်သတ်မှတ်၍ ဈေးကောက်ကောက်ခံခြင်းမရှိဘဲ အခမဲ့ရောင်းချခွင့်ပြုပြီး တစ်ပတ်လျှင် နှစ်ရက်ရောင်းချပေးသော မြို့နယ် ငါးခုနှင့် တစ်ပတ် တစ်ရက် ဖွင့်လှစ်ရောင်းချပေးသော မြို့နယ် ငါးခု ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ရွှေပြည်သာမြို့နယ် ရွှေပြည်သာအခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ် လှိုင်သာယာအခွန်လွတ်ဈေး၊ မရမ်းကုန်းမြို့နယ် ဂန္ဓမာအခွန်လွတ်ဈေး၊ တာမွေမြို့နယ်တာမွေအခွန်လွတ်ဈေး၊ ဒဂုံမြို့နယ် ပန်တျာအခွန်လွတ်ဈေး၊ ကမာရွတ်မြို့နယ် ဟံသာဝတီအခွန်လွတ်ဈေး စသည့် အခွန်လွတ်ဈေးများတွင် ဆိုင်ခွန်၊ ဆိုင်ခများ၊ နှစ်စဉ်မှတ်ပုံတင်ကြေးများ ကောက်ခံခြင်းမပြုဘဲ ပြည်သူများအနေဖြင့် ဒေသထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရောဝတီတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၃၀ ၌ အခွန်လွတ်ဈေး ၃၀ ဖွင့်လှစ်ခဲ့ပြီး အခွန်လွတ်ဈေးများတွင် ဒေသထွက်ကုန်ပစ္စည်းများကို ရောင်းချဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မူဝါဒညွှန်ကြားချက်များခံယူပြီး ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၏ ကြီးကြပ်မှုဖြင့် ယခင်ဖွင့်လှစ်ခဲ့သော အခွန်လွတ်ဈေးများကို လာမည့်ပွင့်လင်းရာသီမှစတင်ပြီး ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်အနေဖြင့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူဦးရေများပြားလာခြင်း၊ လူနေထိုင်ရန်နေရာများ တိုးချဲ့လာခြင်းတို့အပေါ် မြေနေရာအခက်အခဲရှိပါသဖြင့် အခွန်လွတ်ဈေးများဖွင့်လှစ်ရန်အတွက် သီးခြားနေရာ လတ်တလောသတ်မှတ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် BOT ကုမ္ပဏီများမှ လမ်းအသုံးပြုခကောက်ခံလျက်ရှိသော ဂိတ်နှင့် လမ်းဦးစီးဌာနက ကောက်ခံသောလမ်း၊ တံတားအသုံးပြုခ ကောက်ခံရေးဂိတ်များသာရှိပြီး အခြားငွေကြေးကောက်ခံသည့်ဂိတ်များ မရှိပါကြောင်းနှင့် စစ်ဆေးရေးဂိတ်များတွင် ဒေသထွက်ကုန်ပစ္စည်းများအပေါ် ငွေကြေးလုံးဝ(လုံးဝ) ကောက်ခံခြင်းမရှိပါကြောင်းနှင့် ငွေကြေးကောက်ခံခြင်းမရှိစေရန် တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ငွေကြေးကောက်ခံခြင်းများရှိပါက နိုင်ငံတော်၏တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဌာန၊ တပ်ဖွဲ့များမှ သတ်မှတ်ထုတ်ပြန်ထားရှိသော ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ဥပဒေတို့ဖြင့် အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြင်းခြံ-မြစ်သားလမ်းနှင့်ဆက်သွယ်ထားသော ခရိုင်ပတ်လမ်း(၂)နွားလျှာရိုးကျေးရွာထိ ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြစ်သားမြို့နယ်ရှိ မြင်းခြံ- မြစ်သားကတ္တရာလမ်းမှ နွားလျှာရိုးရွာထိ ဆက်သွယ်ထားသည့်လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၁ မိုင် ၄ ဖာလုံကို မြေသားလမ်းချဲ့ခြင်းနှင့် မြေနီခင်းခြင်းကို ဦးစွာလျာထားမည်ဖြစ်ပါကြောင်း၊ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ လက်ရှိ လိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ် စော်ရဲ- ဝန်ပတေ့(တောင်)- ဝန်ပတေ့(မြောက်)တာပေါင်ပေါ်၌ မြေကျောက်ခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စဉ့်ကိုင်မြို့နယ် စော်ရဲ-ဝန်ပတေ့(တောင်)-ဝန်ပတေ့(မြောက်) ကျေးရွာချင်းဆက်လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု သို့မဟုတ် တိုင်းဒေသကြီးရန်ပုံငွေ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီး- ကြာအင်းလမ်းနှင့် တော်လတီ- ကလော့သော့၊ စံကင်းလမ်းနှစ်လမ်းကို ဆက်သွယ်ပေးမည့် လှိုင်မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တိုက်ကြီး- ကြာအင်းလမ်းနှင့် တော်လတီ- ကလော့သော့- စံကင်းလမ်းနှစ်လမ်းကို ဆက်သွယ်ပေးမည့် လှိုင်မြစ်ကူးတံတားမှာ တိုက်ကြီး- ကြာအင်းလမ်းအဆုံး လှိုင်မြစ်ကမ်းမှ တော်လတီရွာဘက်ကမ်းသို့ ဆက်သွယ်ပေးမည့်တံတားဖြစ်ပြီး တံတားတည်ဆောက်မည်ဆိုပါက ငွေကျပ် ၁၀ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

လက်ရှိအသုံးပြုနေသော လှိုင်မြစ်ကူးတံတား ရွာသာတံတား၏ ယာဉ်သွားလာနိုင်မှု လုံလောက်မှု ရှိ၊ မရှိ သုံးသပ်ရန်လိုအပ်ပါကြောင်း၊ တော်လတီ- ကလော့သော့ လမ်းဘေးဝဲယာရှိ ကျေးရွာများ၏ လက်ရှိဖွံ့ဖြိုးမှုနှုန်း၊ ကုန်စည်စီးဆင်းမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း၊ တံတားတည်ဆောက်ရန် ကုန်ကျစရိတ်တို့ကို တွက်ဆနှိုင်းယှဉ်ကြည့်ပါက လှိုင်မြစ်ကူးတံတားတည်ဆောက်ခြင်းဖြင့် သိသာထင်ရှားသော အကျိုးရလဒ် နည်းပါးနေ၍လည်းကောင်း၊ ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ကြီးမားသောအခက်အခဲများ မရှိနိုင်ပါသဖြင့် အဆိုပါတံတားကို လတ်တလော တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဇလွန်မဲဆန္ဒနယ်မှ ဦးလှခိုင်၏ **ဇလွန်မြို့နယ် ကော့ကပ်ကြီးကျေးရွာနှင့် ကော့ကပ်ကလေးကျေးရွာ ချောင်းကူးကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန်နှင့် တည်ဆောက်မပေးမီကာလအတွင်း တံတားဟောင်းကို ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရောဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကော့ကပ်ကလေး- ကော့ကပ်ကြီး- ဝါးပတောလမ်းပေါ်ရှိ ချောင်းကူးတံတား(ကေသီပန်တံတား)သည် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော တံတားဖြစ်ပါကြောင်း၊ တံတား၏ လက်ရှိအခြေအနေမှာ ရေလယ်တိုင် လေးခုအနက် တစ်ခုမှာ အောက်သို့ ခြောက်လက်မခန့်နိမ့်ကျနေပြီး Wing Wall သုံးဖက်နှင့် မြေကာနံရံ သုံးခုပျက်စီးနေပြီး တံတားချဉ်းကပ်လမ်းနှစ်ဖက်မှာလည်း နိမ့်ကျနေပါကြောင်း။

တံတား၏ ရေလယ်တိုင် လေးခုအနက် တစ်ခု နိမ့်ကျသွားမှုအပေါ် စစ်ဆေးချက်အရ အန္တရာယ်ရှိသည့် အခြေအနေမဟုတ်သည့်အတွက် ဆက်လက်စောင့်ကြည့်သွားပြီး လိုအပ်ပါက ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယခုလောလောဆယ်တွင် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ပျက်စီးနေသော Wing Wall သုံးခု၊ မြေကာနံရံ သုံးခုနှင့် ချဉ်းကပ်လမ်း နှစ်ဖက်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **သီပေါမြို့နယ်ရှိ အခြေခံပညာကျောင်းများကို လာမည့်ပညာသင်နှစ်တွင် ပိုမိုဖွင့်လှစ်နိုင်ရန်နှင့် လုံလောက်သော ဆရာ၊ ဆရာမ အင်အားဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က သီပေါမြို့နယ်အတွင်း အခြေခံပညာထက်ဆင့်သင် ၁၂ ကျောင်း၊ လယ်ဆင့်သင်ကျောင်း ၅၀၊ မူဆင့်သင် ၁၅၁ ကျောင်း စုစုပေါင်း ၂၁၃ ကျောင်းရှိသည့်အနက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထက်ဆင့်သင် ခုနစ်ကျောင်း၊ လယ်ဆင့်သင် ၁၂ ကျောင်း၊ မူဆင့်သင် ၂၆ ကျောင်း စုစုပေါင်း ၄၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှု နှောင့်နှေးမှုမရှိစေရေးအတွက် ဒေသလုံခြုံရေးအခြေအနေအရ ပိတ်ထားခဲ့သောကျောင်းများမှ ထက်ဆင့်သင် ၁၅ ဦး၊ လယ်ဆင့်သင် ၂၆ ဦး၊ မူဆင့်သင် ၁၀၉ ဦး ဆရာ၊ ဆရာမအင်အား ဦးရေ ၁၅၀ တို့ကို လက်ရှိဖွင့်လှစ်ထားသော အခြေခံပညာကျောင်းများတွင် ယာယီတွဲဖက်တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ထားပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် နယ်မြေခံတပ်များ၏ လုံခြုံရေးထောက်ခံချက်နှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရရှိပါက အခြေခံပညာကျောင်းများ ပိုမိုတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကျောင်းများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ယာယီတွဲဖက်ထားသော ဆရာ၊ဆရာမများကို မိမိတို့ မူလတာဝန်ကျရာကျောင်းများသို့ ပြန်လည်တာဝန်ထမ်းဆောင်စေမည်ဖြစ်ပြီး ထပ်မံလိုအပ်ပါက ဆရာ၊ ကျောင်းသား အချိုးအရ သင်တန်းဆင်း ဆရာ၊ ဆရာမများဖြင့် ဖြည့်ဆည်းခန့်ထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဒေါ်ခင်စောမူ၏ **ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၂၁ မြို့နယ်တွင် ဆောက်လုပ်လျက်ရှိသည့် ကျောင်းဆောင်အသစ်များ တစ်ဝက်သာပြီးစီးပြီး ပြန်လည်အပ်နှံခဲ့သောလုပ်ငန်း ၇၂ ခုကို အပြီးသတ်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရောဝတီတိုင်းဒေသကြီးမှ တင်ပြလာသော လုပ်ငန်းတစ်ဝက်တစ်ပျက်ဖြင့် ပြန်လည်အပ်နှံခဲ့ရသည့် လုပ်ငန်းများမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ လုပ်ငန်း ၇၂ ခုဖြစ်ပြီး အဆိုပါ မပြီးပြတ်သေးသောလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိဒေသပေါက်ဈေးနှုန်းများအရ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတ်မှတ် PAE နှုန်းထားများနှင့်အညီ စီမံကိန်းတန်ဖိုးပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းတန်ဖိုး ပြောင်းလဲဆောင်ရွက်ရာတွင် နိုင်ငံပိုင်ကဏ္ဍငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းစီမံကိန်းများ၏ ခန့်မှန်းစီမံကိန်း တန်ဖိုးပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မပြီးပြတ်သေးသော လုပ်ငန်းများနှင့် စပ်လျဉ်းပြီး မြေပြင်တွင် ဆက်လက်ဆောင်ရွက်နိုင်မှု ရှိ၊ မရှိ အခြေအနေကို သေချာစွာစိစစ်ပြီး ညွှန်ကြားချက်များနှင့်အညီ စီမံကိန်းတန်ဖိုး ပြောင်းလဲဆောင်ရွက်ခွင့်ရရှိရန် အဆင့်ဆင့် တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပြီး စီမံကိန်းတန်ဖိုး ပြောင်းလဲဆောင်ရွက်ခွင့်ရရှိပါက ကျောင်းဆောင်များ အပြီးသတ်ပြီးစီးရေး နီးစပ်ရာဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ဇူလိုင် ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီနှင့်တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-4)ရှိ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှမင်းက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်တာဝန်များထမ်းဆောင်ရာတွင် လိုအပ်ချက်များရှိပါက ဆောင်ရွက်ပေးရန်တာဝန်ရှိပါကြောင်း၊ ကော်မတီများ၏ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများလုံခြုံမှုရရှိရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်သည် ဒီမိုကရေစီကိုဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ လွှတ်တော်များခိုင်မာအားကောင်းစေရေးအတွက် အဓိကလုပ်ဆောင်ပေးရမည်မှာ ကော်မတီများပင်ဖြစ်ပါကြောင်း၊ ကော်မတီသည် လွှတ်တော်ငယ်များဖြစ်ပြီး လွှတ်တော်လုပ်ငန်းကို ခိုင်မာအားကောင်းရန် အထောက်အပံ့ပေးသော အဓိကဒေါက်တိုင်များပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီအနေဖြင့် စိစစ်ဆောင်ရွက်ရမည့် ဥပဒေများကို အမြန်ဆုံး ပြန်လည်ဆန်းစစ်သွားရန်လိုပါကြောင်း၊ ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ ချောချောမွေ့မွေ့ဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများပြုလုပ်၍ အခြေအနေမှန်များသိရှိအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းမှ ထွက်ပေါ်လာသော မေးခွန်းနှင့်အဆိုများကို လွှတ်တော်တွင် တင်သွင်းဆွေးနွေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကော်မတီအနေဖြင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိကျသော အစီအမံများဖြင့် Safe Zone၊ Safe City များ ဖြစ်ပေါ်လာရေး မြို့ရွာဒေသများတွင် ရာဇဝတ်မှုများလျော့ကျရေး လုပ်ဆောင်နိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်သွားရန်လိုပါကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရေး မိမိတို့လွှတ်တော်တွင် မေးခွန်းများ၊ အဆိုများ တင်သွင်းခြင်းလုပ်ဆောင်နိုင်ရေး ကော်မတီက ကြိုးစားပေးစေလိုပါကြောင်း၊ တရားဥပဒေ စိုးမိုးရေးဆောင်ရွက်မည့် အဖွဲ့အစည်းများအနေဖြင့် Professional ဖြစ်စေရေး လိုအပ်မည့်အစီအမံများ ဝိုင်းဝန်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ တရားဥပဒေကို နိုင်ငံသားတိုင်း လေးစားလိုက်နာပြီး ဥပဒေနှင့်အညီနေထိုင်နိုင်ရေး၊ နိုင်ငံသားတိုင်းကျင့်ဝတ်စည်းကမ်းများ ထိန်းသိမ်းရေးအတွက် အသိပညာပေးဆွေးနွေးပွဲများကျင်းပနိုင်ရေး ကော်မတီအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ တရားစီရင်ရေးစနစ်များနှင့်ပတ်သက်၍ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးရှိသော ပိုမိုကောင်းမွန်သောနည်းလမ်းများကို လွှတ်တော်အနေဖြင့် လေ့လာဆောင်ရွက်သွားကြစေလိုပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများတွင် ဖွဲ့စည်းထားသည့် CPU အဖွဲ့များ၏ လက်တွေ့ကျကျ ဆောင်ရွက်မှုအခြေအနေများကို ညှိနှိုင်းတိုင်ပင် လေ့လာသုံးသပ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် ထိရောက်ပြီးလုံခြုံတိကျသော နည်းလမ်းများရှာဖွေဖော်ထုတ်၍ မိမိတို့ လွှတ်တော်သက်တမ်းကာလအတွင်း ပြည်သူကိုလုံခြုံမှုအပြည့်အဝ အာမခံမှုပေးနိုင်သော တရားဥပဒေစိုးမိုးရေး စနစ်တစ်ခုဖြစ်ပေါ်လာရေး နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီအဖွဲ့ဝင်များကို တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ လွှတ်တော်အစည်းအဝေးကျင်းပပုံများကို လာရောက်လေ့လာသည့် မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို)နှင့် အမိမြေသစ္စာသတင်းမီဒီယာအဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ❍ ရိုဘက်စတာကော်ဖီမှ

ငါးနှစ်တာအစီအစဉ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်ထိ တိုက်ကြီးမြို့နယ်၌ ကော်ဖီ ၅၇၀၉ ဧက၊ လှည်းကူးမြို့နယ်၌ ၁၀၁၉၅ ဧက၊ မှော်ဘီမြို့နယ်၌ ၂၀၃၉ ဧက၊ တွံတေးမြို့နယ်၌ ၈၁၆ ဧက၊ ကော့မှူးမြို့နယ်၌ ၁၂၃ ဧက၊ ကွမ်းခြံကုန်းမြို့နယ်၌ ၄၀၈ ဧကဖြင့် အဆိုပါ ငါးနှစ်တာအတွင်း ကော်ဖီ ဧက ၂၀၃၉၀ စိုက်ပျိုးရန် လျာထားသည်။

၂၀၂၆-၂၀၂၇ ခုနှစ်တွင် ရိုဘက်စတာကော်ဖီမျိုးစိတ်ကို တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်တို့ရှိ ဧက ၁၀၀၀ တွင် စိုက်ပျိုးလျက်ရှိပြီး အဆိုပါခရိုင်နှင့်မြို့နယ်တို့ရှိ ရော်ဘာမြေနှင့်သစ်တောမြေတို့၌ ဖွန်လပိုင်းထိ ၇၇ ဒသမ ၅၀ ဧက စိုက်ပျိုးထားသည်။

"ကော်ဖီဟာ ကမ္ဘာမှာ သောက်သုံးမှုများလာတဲ့ ထုတ်ကုန်တစ်ခုဖြစ်တဲ့အတွက် စိုက်ပျိုးတဲ့နိုင်ငံအလိုက် နိုင်ငံခြားငွေရတဲ့အပြင် နှစ်စဉ် ဝယ်လိုအားကောင်းတဲ့ သီးနှံဖြစ်တာကြောင့် အာဆီယံနိုင်ငံတွေမှာ စပါးနည်းတူ စိုက်ပျိုးလာကြပါပြီ။ မြန်မာ့ကော်ဖီဟာ နာမည်ရနေပြီဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ နှစ်ရှည်သီးနှံပင်တွေကြားမှာ စမ်းသပ်စိုက်ပျိုးအောင်မြင်မှုအပေါ် ငါးနှစ်တာလျာထားမှုနဲ့အညီ စိုက်ပျိုးနေပါတယ်။ အခုမိုးရာသီမှာ ဇွန်လထိ ကော်ဖီ ၇၇ ဧကကျော် စိုက်ပျိုးပြီးပါပြီ။ ဗီယက်နမ်နိုင်ငံမှာဆိုရင် ပြည်သူတစ်ဦးကို ကော်ဖီပင်ငါးပင်စိုက်ပျိုးပြီး ကိုယ်တိုင်ကော်ဖီစစ်စစ်သောက်သုံးနိုင်အောင် ဖော်ဆောင်ပေးနေတာရှိပါတယ်။ နှစ်ရှည်သီးနှံဖြစ်တဲ့အတွက် စိုက်ပျိုးထုတ်လုပ်မှုကနေ တိုင်းဒေသကြီးအတွက် မကြာမီအကျိုးကျေးဇူးခံစားရရှိမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ် ခြောက်ခု၌ ရော်ဘာ၊ သီဟိုဠ်၊ မန်ဂျန်ရှားစိုက်ခင်း ၄၈၇၀၇ ဧကတွင် ရိုဘက်စတာကော်ဖီ ဧက ၂၀၃၉၀ ကို နှစ်အလိုက် လျာထားချက်နှင့်အညီ စိုက်ပျိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရနှင့် စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီကိုစိတ်ဝင်စားသည့် တောင်သူများထံ ပျိုးပင် ၃၃၂၀၀ နှင့် မျိုးစေ့ ၄၅ ကီလိုဂရမ်ကိုဖြန့်ဝေပေးခဲ့ကာ စီးပွားဖြစ်စိုက်ပျိုးလိုသူများအတွက် ပျိုးပင်များကို ဆက်လက် ဖြန့်ဖြူးပေးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးအပြင် ဈေးကွက်ဝင်ကော်ဖီကို နှစ်ရှည်သီးနှံတောင်သူများစိတ်ဝင်တစားစိုက်ပျိုးလာကြပြီး ပြည်ပပို့ကုန်ဆန်ကဲ့သို့ ကော်ဖီထုတ်လုပ်တင်ပို့မှုမှ ဝင်ငွေတိုးမြှင့်ရရှိလာမည့် စိုက်ပျိုးရေးထွက်ကုန်အဖြစ် တောင်သူများ မျှော်လင့်ထားကြောင်း သိရသည်။

သစ္စာ(MNA)

## ❑ မိုဘိုင်းလက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍မှ

အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၂။ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်လာသည့် ခရီးသည်များအနေဖြင့် CEIR စနစ်တွင် မှတ်ပုံတင်ထားခြင်းမရှိသေးသော မိုဘိုင်းလက်ကိုင်ဖုန်းများ ပါရှိလာပါက လေဆိပ်အကောက်ခွန်ကောင်တာတွင် Passenger Declaration Form (PD Form) ဖြင့် ကြေညာရမည်ဖြစ်ပါသည်။ ထိုသို့ကြေညာရာတွင် PD Form ၌ IMEI နံပါတ်ကို မဖြစ်မနေထည့်သွင်းကြေညာရမည်။

၃။ မိုဘိုင်းလက်ကိုင်ဖုန်းများကို CEIR စနစ်တွင် မှတ်ပုံတင်နိုင်ရန်အတွက် CEIR OSS အဖွဲ့သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လာရောက်၍လျှောက်ထားနိုင်သည်-

(က) CEIR စနစ်တွင် မှတ်ပုံတင်ခွင့်လျှောက်လွှာ

(ခ) Passport (မိတ္တူ) (ဓာတ်ပုံပါသောရှေ့စာမျက်နှာနှင့် လေဆိပ်လဝကမှ ရောက်ရှိရက်စွဲ ရိုက်နှိပ်ထားသောစာမျက်နှာ)

(ဂ) Boarding Pass (မူရင်း၊ မိတ္တူ)

(ဃ) လေယာဉ်လက်မှတ် (မူရင်း၊ မိတ္တူ)

(င) Passenger Declaration Form (PD Form) (မူရင်း)

၄။ လျှောက်ထားလာမှုသည် Passenger Declaration Form (PD Form) ကြေညာခဲ့သည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်းလျှောက်ထား၍ ကျသင့်အခွန်ကို ပေးသွင်းရမည်။ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားနိုင်ခြင်းမရှိပါက CEIR စနစ်မှ ကျသင့်အခွန်အပြင် ဒဏ်ကြေးများကောက်ခံသွားမည်ဖြစ်သည်။

၅။ ခရီးသည်တစ်ဦးလျှင် ပထမအကြိမ် PD Form ကြေညာသည့်နေ့မှ တစ်နှစ်အတွင်း မိုဘိုင်းလက်ကိုင်ဖုန်းနှစ်လုံးအထိသာ လျှောက်ထားနိုင်သည်။

CEIR နှင့် EIR စနစ်စီမံကိန်းဦးစီးကော်မတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊
တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့။

## တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကျင်းပ

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များစနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့်ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့် အဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းဆွေးနွေး




နေပြည်တော် ဇူလိုင် ၁၃

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ သိမ်းဆည်းခံလယ်ယာမြေနှင့်ပတ်သက်ပြီး ပေးလျော်ရန်ကျန်ရှိနေသေးသော လယ်သမားဦးရေ ၂၀၀ ခန့်အတွက် လျော်ကြေး နစ်နာကြေးရရှိနိုင်မှုအခြေအနေကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တင်ပြမေးမြန်းထားသည့် လယ်ယာမြေလျော်ကြေးပေးရန်ကျန်ရှိသည့် တောင်သူလယ်သမား ၂၀၄ ဦးနှင့်စပ်လျဉ်း၍ လျော်ကြေးပေးအပ်ရန်ကျန်သည့်အမှုတွဲ ၃၂ တွဲစာရင်း၌ တောင်သူ ၁၁ ဦး၏ ဧရိယာ ၁၃၉ ဒသမ ၇၇ ဧကသာပါဝင်ပါကြောင်း၊ ကျန်ရှိသည့် တောင်သူ ၁၉၃ ဦးနှင့်စပ်လျဉ်း၍ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်တို့က စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒဂုံမြို့သစ် အိမ်ရာစီမံကိန်းမြေအဖြစ် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ သိမ်းဆည်းခံမြေတစ်ဧကလျှင် ကျပ်သိန်း ၁၀၀ နှုန်း သတ်မှတ်၍ လျော်ကြေးပေးအပ်ခဲ့ကာ ကျန်ရှိသည့်တောင်သူများကိုလည်း ၎င်းတို့၏ တင်ပြမှုများအပေါ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက ချမှတ်ထားသော မူဝါဒ ၅၂ ချက်နှင့်အညီ ကိုက်ညီမှုရှိသော တောင်သူများကို လျော်ကြေး ပေးအပ်နိုင်ရေးအတွက် အထောက်အထားများ စိစစ်ဆောင်ရွက်လျက်ရှိပြီး အထောက်အထားမတင်ပြနိုင်သူများ၊ မူလပိုင်ရှင်မဟုတ်သူများ၊ ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်မရှိသူများ၊ မူဝါဒနှင့်ကိုက်ညီမှုမရှိသည့် အမှုတွဲများကို အမှုပိတ်သိမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ တင်ပြမေးမြန်းထားသည့် လယ်ယာမြေလျော်ကြေးပေးရန် ကျန်ရှိသည့် တောင်သူ ၂၀၄ ဦးနှင့်စပ်လျဉ်းပြီး တောင်သူ ၁၁ ဦးကို လျော်ကြေးပေးအပ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန် ၁၉၃ ဦးနှင့်စပ်လျဉ်း၍ မူဝါဒ ၅၂ ချက်နှင့်အညီ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်က စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်မင်းထူး၏ **ကယားပြည်နယ် လွိုင်ကော်မြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြေများကို မြေငှားဂရန်ရရှိရေးဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးယူနိုင်ရန်အတွက် လိုအပ်လျက်ရှိသော မြေငှားဂရန်ရရှိရေးအခက်အခဲများကို ပြည်နယ်အစိုးရအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ချမှတ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ပြည်သူများ၏အခက်အခဲဖြစ်ပေါ်မှုအပေါ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ ကယားပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြို့မြေပြန်လည်တိုင်းတာခြင်းကို စီမံချက်ချမှတ်ဆောင်ရွက်ပေးခဲ့ရာ လွိုင်ကော်မြို့ပေါ် ၂၃ ရပ်ကွက်အနက် ၁၁ ရပ်ကွက်တွင် အကွက်ပေါင်း ၃၃ ကွက်ကို ကွက်ကြို၊ ကွက်စိပ်တိုင်းတာခြင်း၊ မြေပုံရေးဆွဲခြင်း၊ ပိုင်ဆိုင်မှုဦးပိုင်မှတ်ပုံတင်စာရင်းကောက်ယူပြုစုခြင်းတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းတာပြီးခဲ့သော မင်္ဂလာ၊ မေတ္တာ၊ ဈေးပိုင်း၊ ရွှေတောင်၊ လောဓမ္မ၊ ဒေါတမ၊ ဒေါနိုးကူး၊ ရှမ်းစု၊ မင်းစု၊ နမ့်ဘော်ဝမ်(က)နှင့် နမ့်ဘော်ဝမ်(ခ) ရပ်ကွက်တို့အတွက် ၂၀၂၆ ခုနှစ် ဇွန်လမှစ၍ လွိုင်ကော်မြို့နယ် မြေစာရင်းဦးစီးဌာနသည် မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ ရေးကူးခြင်းကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်၍ လွိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားဂရန်အမှုတွဲများကို စတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်၍လည်း မြို့မြေတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မြေစာရင်းဦးစီးဌာနက မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ ရေးကူးပေးနိုင်သော ရပ်ကွက်များအတွက် လူနေထိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းများကိုလည်း စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေများကို မြေငှားဂရန်ရရှိရေး စတင်ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်ဆဲကာလအတွင်း စက်မှုဇုန်နှင့် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) လုပ်ငန်းများ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးယူနိုင်ရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) များရှိပါက ချေးငွေထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် မြေစာရင်းဦးစီးဌာနက မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့် နေရာများတွင် လူနေထိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်အတွင်း မြို့ပြဧရိယာနှင့် လူဦးရေ မမျှတမှုများကို ဖြေရှင်းနိုင်ရေးအတွက် မြို့ကွက်သစ်များ အမြန်ဆုံးဖော်ဆောင်ပေးရန်နှင့် မြို့မြေအဖြစ်သတ်မှတ်ပြီးသား မြေနေရာများတွင် စနစ်ကျသော မြို့ကွက်သစ်များ ပေါ်ပေါက်လာစေရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြို့မြေကွက်သစ်များ ဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် မြေနေရာစိစစ်ရွေးချယ်ခြင်းနှင့် အဆိုပြုလွှာတင်ပြခြင်း၊ မြို့ကွက်သစ်ဖော်ထုတ်ရန်အတွက် ခွင့်ပြုရန်ပုံငွေခွဲဝေရရှိနိုင်ရေးလျာထားခြင်း၊ လယ်ယာမြေများဖြစ်ပါက အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေး တင်ပြလျှောက်ထားခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်နိုင်မှု ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေစိစစ်ခြင်း၊ မြို့ကွက်မြေတိုင်းတာခြင်းနှင့် မြို့ကွက်မြေပုံထုတ်ခြင်း၊ မြေယာပိုင်ဆိုင်မှု ခိုင်မာစေရန်အတွက် မြေငှားဂရန်များ ထုတ်ပေးခြင်း စသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တို့ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းနှင့် ငသိုင်းချောင်းမြို့တို့တွင် မြို့မြေကွက်သစ်များ ဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ယင်းဒေသများသည် ရောဝတီတိုင်းဒေသကြီး၏ အဓိကစပါးစိုက်ပျိုးရာရေခံမြေခံကောင်းမွန်သည့် ဒေသများဖြစ်ကြသဖြင့် မြို့ကွက်သစ်ဖော်ထုတ်မည်ဆိုပါက လက်ရှိစိုက်ပျိုးဖြစ်ထွန်းနေသော လယ်ယာမြေများကိုသာ အသုံးပြုရမည်ဖြစ်သောကြောင့် ဒေသခံတောင်သူလယ်သမားများ၏ လုပ်ကိုင်စားသောက်မှုဘဝကို ထိခိုက်နိုင်မှုရှိ၊ မရှိကို စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြို့မြေအဖြစ်အသုံးပြုရန် သတ်မှတ်ထားရှိသည့် ဧရိယာအပေါ် လက်ရှိမြို့မြေအတွင်း လူနေထိုင်မှုအခြေအနေကို ပြန်လည်စိစစ်ခြင်း၊ နောင်တိုးပွားလာမည့်လူဦးရေအခြေအနေအပေါ်အခြေခံ၍ Town Plan ရေးဆွဲစေခြင်းနှင့် Town Plan အရ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မူလပိုင်ဆိုင်သည့်သူများနှင့် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဦးသန်းထွန်း၏ **ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့မှုကြောင့် ဒေသခံပြည်သူအများအပြားမှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရပြီး နေထိုင်ရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသော ပြည်သူများအတွက် သီးခြားနေရာတစ်ခုတွင် IDP Camp များကဲ့သို့ အဆောက်အအုံများ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့မှုကြောင့် ဒေသခံပြည်သူအများအပြားသည် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရပြီး စစ်တွေမြို့နယ်အတွင်း မြို့နယ်အသီးသီးမှ နေရပ်စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်လာသူများနှင့် စစ်တွေမြို့နယ်အစွန်အဖျားရှိ ကျေးရွာများတွင် လုံခြုံရေးအခြေအနေအရ ယာယီရွှေ့ပြောင်းခဲ့ရမှုကြောင့် နေရပ်စွန့်ခွာလာသူများကို စစ်တွေမြို့နယ် မြို့ပေါ်ရပ်ကွက်များရှိ ဆွေမျိုးနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ယာယီရွှေ့ပြောင်းခိုလှုံနေထိုင်ခဲ့ကြသည့်အတွက် စစ်တွေမြို့အတွင်း ယာယီနေထိုင်နိုင်ရန် ယာယီနေရပ်စွန့်ခွာစခန်း (ဘုန်းတော်ကြီးကျောင်းများ) ၅၄ ခုကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် အိမ်ထောင်စု ၂၂၁၀၊ လူဦးရေ ၆၉၄၃ ဦးတို့ ယာယီနေထိုင်လျက်ရှိပါကြောင်း။

အဆိုပါ ယာယီနေရပ်စွန့်ခွာသူများ၏ စားသောက်မှုအခက် အခဲမဖြစ်ပေါ်စေရေးအတွက် ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လူတစ်ဦးလျှင် တစ်ရက်ဆန် နှစ်ဘူးနှုန်းဖြင့် ယနေ့အချိန်ထိ ရိက္ခာဆန်များကို လစဉ်ထောက်ပံ့ပေးလျက်ရှိပြီး ယာယီနေရပ်စွန့်ခွာစခန်း/ ရဂုံများသို့ အရောက်ပို့ဆောင်ပေးလျက်ရှိပါကြောင်း၊ **စာမျက်နှာ ၂၅ သို့**

**စာမျက်နှာ ၂၄ မှအဆက်**


နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ယာယီနေရပ်စွန့်ခွာစခန်း/ရရုံ ၅၄ ခု ဒေသပြည်သူများအတွက် ဆန် ၂၄ ပြည်အိတ် ၁၆၀၆ အိတ်ကို ယာယီနေရပ်စွန့်ခွာစခန်းရရုံ ၅၄ ခုသို့လည်း ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါကြောင်း။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ရခိုင်ပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ ထောက်ပံ့ငွေများကို ပြည်သူတစ်ဦးချင်းစီ၏ လက်ဝယ်သို့ရောက်ရှိအောင်ပေးအပ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း နေရပ်စွန့်ခွာသူများကို ဆန်ရိက္ခာဖိုး ထောက်ပံ့ခြင်းနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်သုံးပစ္စည်းများ ထောက်ပံ့ခြင်းအတွက် ပစ္စည်းတန်ဖိုးငွေကျပ် ၆၁၉ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးအတွက် ကွင်းဆင်းဆေးကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ လူဦးရေ ၁၀၉၈ ဦးကို ကုသပေးခဲ့ပြီး ယာယီနေရပ်စွန့်ခွာသူ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ကြားခွင့်မဆုံးရှုံးစေရေးအတွက် နီးစပ်ရာအခြေခံပညာသင်ကျောင်းများတွင် တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ယာယီနေရပ်စွန့်ခွာပြည်သူများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ပေးထားသည့် ယာယီနေရပ်စွန့်ခွာစခန်း/ရရုံများရှိ အဆောက်အအုံများတွင် လုံခြုံစွာနေထိုင်လျက်ရှိပြီး စားသောက်ရေးအတွက် လစဉ်ဆန်များထောက်ပံ့ခြင်း၊ ကျန်းမာရေးအတွက် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ပညာရေးအတွက် ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်၍ IDP Camp များကဲ့သို့ အဆောက်အအုံများ ဆောက်လုပ်ပေးရန် မလိုပါကြောင်း ဖြေကြားသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များစနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှင့် အဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ထွေး**က မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် အခွန်ရှောင်မှုများရှိနေခြင်း၊ အခွန်ပေးဆောင်မှုအခြေခံများ မကျယ်ပြန့်သေးခြင်း၊ အခွန်ရုံး၏ဝန်ဆောင်မှုများရိုးရှင်းမှုမရှိခြင်း၊ ဒစ်ဂျစ်တယ်စနစ် မပြည့်စုံခြင်း၊ စီးပွားရေးလုပ်ငန်းအချို့သည် တရားဝင်စီးပွားရေးလုပ်ငန်းစာရင်းထဲသို့ မရောက်ရှိခြင်းတို့ကြောင့် နိုင်ငံတော်အတွက် အခွန်ငွေများ အပြည့်အဝမရရှိသည်ကို တွေ့ရပါကြောင်း။



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းဆွေးနွေးစဉ်။

အခွန်ငွေတိုးရန် အခွန်နှုန်းကိုတိုးတက်ကောက်ခံရမည်မဟုတ်ဘဲ နည်းပညာအသုံးပြုမှုနှင့် စနစ်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ အီလက်ထရောနစ်အခွန်စနစ် တိုးချဲ့ခြင်း၊ အရောင်းအဝယ်မှတ်တမ်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် စုစည်းခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို မှတ်ပုံတင်စနစ်ထဲရောက်စေခြင်း၊ ဘဏ်စနစ်နှင့် အခွန်စနစ်ကို ပေါင်းစပ်ချိတ်ဆက်ခြင်းဖြင့် ကြီးမားသောငွေလွှဲများကို စောင့်ကြည့်စနစ်ထဲထည့်သွင်းခြင်း၊ အခွန်မမှန်သူများကို ထိရောက်သောအပြစ်ဒဏ်စနစ်များ ချမှတ်ခြင်းနှင့် အွန်လိုင်းဝန်ဆောင်မှုများ တိုးချဲ့ခြင်းဖြင့် အခွန်ရုံးလုပ်ငန်းများတွင် အချိန်ကုန်ကျမှု လျှော့ချခြင်းနှင့် လုပ်ငန်းရှုပ်ထွေးမှုမရှိစေခြင်း၊ အခွန်ပေးခြင်း၏ အကျိုးကျေးဇူးများကို ပညာပေးဟောပြောစည်းရုံးစေပြီး ပြည်သူနှင့် အစိုးရကြား ယုံကြည်မှုတည်ဆောက်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဆိုပါက အခွန်နှုန်းတိုးမြှင့်ကောက်ခံရန်မလိုဘဲ အခွန်ဝင်ငွေတိုးတက်လာမည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးမင်းမင်းထွန်း**က ခိုင်မာတောင့်တင်းသော အခွန်စနစ်ရှိမှသာလျှင် အင်အားတောင့်တင်းသော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိကင်းစင်မှသာ အခွန်ငွေများ တိတိကျကျကောက်ခံရရှိမည်ဖြစ်သကဲ့သို့ ရရှိလာသည့်အခွန်ငွေများကို အလေအလွင့်မရှိဘဲ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အမှန်တကယ်ပြန်လည်အသုံးချပြနိုင်မှသာ ပြည်သူများ၏ ယုံကြည်မှုနှင့် “အခွန်လိုက်နာမှု ယဉ်ကျေးမှု” ထွန်းကားလာမည်ဖြစ်ပါကြောင်း။

အဂတိသည် နှစ်ဖက်စလုံးပူးပေါင်းမှုကြောင့် ဖြစ်ပေါ်လာသည့်စနစ်တစ်ခု၏ အားနည်းချက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ် ပေါ်ထွန်းလာစေရန်အတွက် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ အခွန်နှင့် အဂတိကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးပြည့်ဖြိုးစံ**က အဂတိဟု ပြောသည့်အခါ လူအများစုသည် လာဘ်ငွေလက်ခံရယူမှုသာ အဂတိမြောက်သည်ဟု ယေဘုယျဆန်ဆန် နားလည်ထားကြပါကြောင်း၊ အဂတိသည် လာဘ်စားခြင်း တစ်ခုတည်းမဟုတ်ပါကြောင်း၊ ရာထူးတာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ပြီး အကျိုးစီးပွားပဋိပက္ခဖြစ်ပေါ်စေခြင်းသည် အဂတိတရားဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် အဂတိတရားကို ထိရောက်စွာ နှိမ်နင်းပြီး ဖွံ့ဖြိုးတိုးတက်သွားသည့် နိုင်ငံများရှိကြပါကြောင်း၊ ယင်းနိုင်ငံများ၏ ဘုံတူညီချက်များသည် တင်းကျပ်ပြတ်သားသည့် တရားဥပဒေစိုးမိုးရေးရှိခြင်း၊ ဝန်ထမ်းများ၏ လူမှုစီးပွားဖူလုံအောင် ထောက်ပံ့ပေးထားခြင်း၊ စုံစမ်းစစ်ဆေးမည့် အဖွဲ့အစည်းများကို အမိုအခိုကင်းကင်း လွတ်လပ်ခွင့်ပေးထားခြင်းနှင့် လုပ်ငန်းစဉ်များကို ဒစ်ဂျစ်တယ်စနစ်ဖြင့် ရိုးရှင်းအောင် လုပ်ဆောင်ထားခြင်းဖြစ်ပါကြောင်း။

ပြည်သူများ အချိန်ကုန်သက်သာစေမည့် Online Booking စနစ်နှင့် E-Tax စနစ်များ ဆောင်ရွက်ရန်နှင့် နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းကို အားကိုးမည့်အစား ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းပါဝင်ခြင်းနည်းလမ်းကို သုံးစွဲပါက ဘဏ္ဍာငွေကုန်ကျမှုသက်သာပြီး ပိုမိုမြန်ဆန်ထိရောက်လာနိုင်မည်ဖြစ်ပါကြောင်း၊ အခွန်ထမ်းဆောင်ခြင်းသည် နိုင်ငံတော်၏အကျိုးကို သယ်ပိုးခြင်းဖြစ်သည်ဟု ပြည်သူလူထုတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်စေရန် လိုအပ်ပါကြောင်း၊ အခွန်ဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်စေပြီး အခွန်ရှောင်များကို ဖော်ထုတ်အရေးယူခြင်း၊ စံပြအခွန်ထမ်းကုမ္ပဏီများကို ဂုဏ်ပြု၍ အခွင့်အရေးအချို့ပေးခြင်း၊ သတင်းပေးသူကို ကာကွယ်၍ ဆုကြေးချီးမြှင့်ခြင်းများကို လုပ်ဆောင်ရန် လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ **ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတစ်နိုင်ငံ၏ အခွန်စနစ်သည် ထိုနိုင်ငံ၏ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးမှုအပေါ် အခြေခံပြီး လိုက်ပါပြောင်းလဲကျင့်သုံးရသော စနစ်တစ်ခုဖြစ်ပါကြောင်း၊ အခွန်စနစ်တစ်ခုကို စနစ်တကျအောင်မြင်အောင် ပြောင်းလဲကျင့်သုံးခြင်းသည် နည်းပညာပိုင်းသာမက အခွန်ဌာန၊ အခွန်ထမ်းပြည်သူ၊ အခွန်စနစ်နှင့် ပတ်သက်ဆက်နွှယ်သူများ၊ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများအားလုံး ဟန်ချက်ညီညီ တိုးတက်ပြောင်းလဲ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း။**

ယခုကာလတွင် နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ နှင့် ပုဒ်မ ၃၅ ပါ အတိုင်း ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ဆက်လက်ကျင့်သုံးအကောင်အထည်ဖော်နေခြင်း ဖြစ်ပါကြောင်း၊ အခွန်စနစ်သည်လည်း အခွန်ထမ်းဝန်ဆောင်မှုနှင့် အခွန်ယဉ်ကျေးမှုတိုးတက်လာစေရေး ဘက်စုံထောင့်စုံမှ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ပြောင်းလဲ ဆောင်ရွက်ရာတွင်လည်း ချမှတ်ထားသော အခွန်ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများအတိုင်း IT နည်းပညာ တိုးချဲ့ကျင့်သုံးရေးဆောင်ရွက်ခဲ့ရာ သိသာအထင်ရှားဆုံး ဆောင်ရွက်မှုများအနေဖြင့် အောင်ဘာလေသိန်းထီကို အချိန်မရွေး၊ နေရာမရွေး လွယ်ကူအဆင်ပြေစွာ ကံစမ်းနိုင်ရန်အတွက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ကို ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်မှစ၍ ကျင့်သုံးဆောင်ရွက်ခြင်း၊ မိုဘိုင်းလက်ကိုင်ဖုန်း တင်သွင်းမှုအပေါ် ဥပဒေနှင့်အညီ အခွန်ငွေများ အပြည့်အဝကောက်ခံရရှိနိုင်ရန်နှင့် တရားမဝင် ကုန်စည်တင်သွင်းမှုကို ထိန်းချုပ်နိုင်ရန်အတွက် ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် Central Equipment Identity Register (CEIR)စနစ်နှင့် Equipment Identity Register (EIR) စနစ်ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်စတင်၍ အခွန်ကောက်ခံခြင်း၊ မော်တော်ယာဉ် ဝယ်ယူရောင်းချခြင်းအပေါ် အလိုအလျောက်တန်ဖိုးစိစစ်တွက်ချက်ပေးဆောင်နိုင်မည့် VAVS စနစ်ကျင့်သုံးနိုင်ရေး ဆောင်ရွက်လျက်ရှိခြင်းတို့ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် အခွန်စနစ်ပြုပြင်ပြောင်းလဲရာတွင် စနစ်တကျရှိစေရေး မဟာဗျူဟာအစီအစဉ် ရှစ်ခု ချမှတ်၍ ကာလအပိုင်းအခြားအလိုက် စီမံကိန်းများ ချမှတ်၍ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ မဟာဗျူဟာအစီအစဉ် ရှစ်ခုသည် ဥပဒေများကို ခေတ်စနစ်နှင့်လျော်ညီစေရန် ပြုပြင်ပြောင်းလဲခြင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ အခွန်စည်းကြပ်မှုစနစ်ကို ခေတ်မီစေရန် ပြောင်းလဲခြင်း၊ ICT နည်းပညာကို ကျယ်ပြန့်စွာအသုံးပြုခြင်း၊ အခွန်တာဝန်လိုက်နာမှုကို ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ခြင်း၊ အခွန်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အခွန်ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာမြှင့်တင်ခြင်းနှင့် အခွန်စနစ်ပြုပြင်ပြောင်းလဲမှုများကို ကြီးကြပ်ကွပ်ကဲခြင်းတို့ဖြစ်ပါကြောင်း။

ယခင်က အခွန်စည်းကြပ်မှုများသည် အခွန်ဌာန၏ ခန့်မှန်းဆုံးဖြတ်ချက်အပေါ် အခြေခံသည့် အခွန်စည်းကြပ်မှု (Assumption Based Assessment) စနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ အဆိုပါစနစ်အစား စာရင်းဇယား အထောက်အထားအချက်အလက်များကိုအခြေခံသည့် စာမျက်နှာ ၂၆ သို့

**ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အခွန်စနစ်အတွင်း အခွန်ဘဏ္ဍာငွေများ ပြည့်ဝစွာကောက်ခံရရှိရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး အခွန်စနစ် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာနှင့်အညီ အခွန်ကောက်ခံရရှိမှုများ တိုးတက်လာစေရန်၊ သတင်းအချက်အလက်နှင့် နည်းပညာပိုမိုသုံးစွဲဆောင်ရွက်နိုင်စေရန်၊ ဝန်ထမ်းများနှင့် အခွန်ထမ်းပြည်သူများ၏ အခွန်ဆိုင်ရာ အသိစိတ်ဓာတ်နှင့် အခွန်ယဉ်ကျေးမှု မြင့်မားတိုးတက်လာစေရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ အခွန်များရရှိရေးအတွက် ပြည်သူများအနေဖြင့် တာဝန်သိစွာ၊ အဂတိကင်းရှင်းစွာ ပူးပေါင်းဆောင်ရွက်သွားကြရန်အတွက် အခွန်ဌာနများ၊ အခွန်ထမ်းပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း...**

# အမျိုးသားညီညွတ်ရေး

အမျိုးသားညီညွတ်ရေးဆိုတာ ဘယ်ကဲ့သို့သောညီညွတ်ရေးကို ခေါ်ပါသနည်းဟု မေးရပါလိမ့်မယ်။ အမျိုးသားညီညွတ်ရေးဆိုတာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောက်ျား၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတစ်ခုလုံး အပြောသာမဟုတ် အလုပ်နှင့်တကွ အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုပါတယ်။

၁၉၄၆ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး(ဖဆပလ)၏ နိုင်ငံလုံးဆိုင်ရာညီလာခံ၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်



စာမျက်နှာ ၂၅ မှအဆက်

အခွန်စည်းကြပ်မှု (Evidence Based Assessment) စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန်နှင့် အခွန်မှုးများ၏ လုပ်ပိုင်ခွင့်ကို ပိုမိုထိန်းချုပ်နိုင်ရန်အတွက် အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ်(Self Assessment System-SAS)ကို အဆင့်အလိုက် ပြောင်းလဲကျင့်သုံးလျက်ရှိပါကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်တွင်းအခွန်များဦးစီးဌာန၏ စုစုပေါင်းအခွန်ရငွေ၏ ၇၅ ရာခိုင်နှုန်းခန့်ကို SAS စနစ်ကျင့်သုံး၍ ကောက်ခံနိုင်ခဲ့ပါကြောင်း၊ SAS ရုံးများတွင် ဒစ်ဂျစ်တယ်စနစ်အသုံးပြု၍ အခွန်စီမံခန့်ခွဲသည့်စနစ် (Tax Revenue Management System-TRMS) ကျင့်သုံးခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်သော အခွန်ထမ်းမှတ်ပုံတင်စနစ် (Unique Taxpayer Identification Number-TIN) ကျင့်သုံးခြင်း၊ e-Registration၊ e-Filing နှင့် e-Payment (m-Banking, IRD Tax Payment Hub)စနစ်များဖြင့် အခွန်တာဝန်များကို အွန်လိုင်းမှဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ MyCO (DICA)၊ MACCS (အကောက်ခွန်)၊ CBM-NET (ဗဟိုဘဏ်)နှင့် TradeNet 2.0 (ကုန်သွယ်ရေး)တို့နှင့်ချိတ်ဆက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အောင်ဘာလေသိန်းထီ ဖွင့်ပွဲကို Air Blow Digital Machine စက်ဖြင့် စနစ်ပြောင်းလဲဖွင့်လှစ်ခြင်း၊ မိုဘိုင်းတယ်လီဖုန်းတင်သွင်းမှုအပေါ် အခွန်လွတ်ကင်းမှုမရှိစေရေးအတွက် CEIR/EIR မှတ်ပုံတင်ခြင်းစနစ် ထူထောင်ခြင်း၊ မော်တော်ယာဉ် ဝယ်ယူရောင်းချခြင်းအပေါ် အလိုအလျောက်တန်ဖိုးစိစစ် အခွန်တွက်ချက်ပေးဆောင်နိုင်မည့် VAVS စနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်ကောက်ခံရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ နှစ်စဉ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပြီး နေ့စဉ်ထုတ်သတင်းစာများတွင်လည်း အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ စနစ်တကျကောက်ခံနေခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် အခွန်တာဝန်လိုက်နာမှုတိုးတက်စေရေးအတွက် အခွန်တာဝန်လိုက်နာမှု တိုးတက်ရေးမဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ရုံးချုပ်တွင် အခွန်ဆုံးရှုံးနိုင်ခြေ စိစစ်သုံးသပ်သည့် သီးခြား Unit ဖွဲ့စည်းတည်ထောင်ခြင်း၊ အခွန်ဆုံးရှုံးနိုင်ခြေမြင့်မားသော စီးပွားရေးကဏ္ဍများကို ဦးတည်၍ အခွန်စာရင်းစစ်ဆေးကြပ်မတ်ခြင်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ ရွှေဆိုင်များတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်မှု ကွင်းဆင်းစစ်ဆေးကြပ်မတ်ခြင်း၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ ဒဏ်ကြေးများ ထိရောက်စွာ တပ်ရိုက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်တာဝန်လိုက်နာမှုကို တိုးမြှင့်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းပညာတို့ဖြင့် ထိန်းချုပ်ဆောင်ရွက်ရသကဲ့သို့ အခွန်အသိပညာပေးခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် အခွန်ယဉ်ကျေးမှုကို ဖြစ်ထွန်းခိုင်မာလာရေးအတွက် အခြေခံပညာ အတန်းများတွင် အခွန်ဆိုင်ရာအသိပညာများကို ထည့်သွင်းသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် အခွန်ထမ်းများ အခွန်တာဝန်များကို လွယ်ကူစွာဆောင်ရွက်နိုင်ရေးနှင့် ကြုံတွေ့ရသည့်အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်ရေးအတွက် Taxpayer Service Center များ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် e-Services Help Desk Center များကို ဖွင့်လှစ်ဆောင်ရွက်ထားရှိပါကြောင်း။

အခွန်ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာကို အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် အခွန်ဥပဒေ၊ အခွန်စီမံခန့်ခွဲမှု၊ အခွန်တာဝန်လိုက်နာမှု၊ အခွန်ဝန်ဆောင်မှုနှင့် အခွန်စီမံခန့်ခွဲစနစ်တွင် နည်းပညာကို တိုးချဲ့ကျင့်သုံးမှု၊ အခွန်အရာရှိနှင့် အခွန်ထမ်းအကြား လူပုဂ္ဂိုလ်ချင်းထိတွေ့မှုကို လျှော့ချနိုင်သည့် အွန်လိုင်းမှတစ်ဆင့် အခွန်ပေးဆောင်မှု၊ အခွန်ကြေညာလွှာတင်သွင်းမှုတို့တွင် သိသာထင်ရှားသောရလဒ်များ ရရှိခဲ့ပြီး အခွန်ဘဏ္ဍာငွေများလည်း သိသာထင်ရှားစွာ တိုးတက်ကောက်ခံရရှိခဲ့ပါကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် အခွန်အရပ်ရပ်ကောက်ခံရန် ပြုပြင်ပြီး လျာထားချက် ကျပ်ဘီလီယံ ၁၃၄၆၀ အပေါ် ကျပ်ဘီလီယံ ၁၄၀၇၀ ကောက်ခံရရှိခဲ့ပြီး လျာထားချက်၏ ၁၀၅ ရာခိုင်နှုန်း ကောက်ခံနိုင်ခဲ့ပါကြောင်း၊ နှစ်အလိုက် အခွန်ကောက်ခံရရှိမှုကို နှိုင်းယှဉ်ကြည့်ပါက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ အခွန်အကောက်ရငွေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျပ် ၄၉၁၂ ဘီလီယံခန့်ရှိရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျပ်ဘီလီယံ ၁၄၀၇၀ ထိ တိုးတက်ကောက်ခံနိုင်ခဲ့ပါသဖြင့် ငါးနှစ်အတွင်း အခွန်အကောက်ရငွေ သုံးဆခန့် တိုးတက်လာခဲ့ပါကြောင်း။

အလားတူ ပြည်ထောင်စု၏ အခွန်အကောက်ရငွေနှင့် GDP အချိုး(Tax-to-GDP Ratio) သည်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၀၇ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၅၅ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပါကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း လျာထားချက်ကို ပြည့်မီကျော်လွန်စွာ ကောက်ခံနိုင်ရေးနှင့် Tax-to-GDP Ratio ကို ၉ ဒသမ ၅ ရာခိုင်နှုန်းထိ မြှင့်တင်နိုင်ရေးကို ရည်မှန်းချက်ထား၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့်ပူးပေါင်း၍ Public Feedback Programme ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါအစီအစဉ်အရ Data Entry Operator (DEO)စနစ် အသုံးပြုလျက်ရှိသော အခွန်ရုံး ၄၇ ရုံးရှိပြီး အဆိုပါရုံးများတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ ကချင်၊ ကရင်၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတို့ရှိ အခွန်ရုံးများပါဝင်ပြီး DEO ရုံးများကိုလည်း နှစ်စဉ်တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းစနစ်အရ အခွန်ဝန်ဆောင်မှုရယူပြီးသော အခွန်ထမ်းများ၏ လက်ကိုင်ဖုန်းများသို့ နေ့စဉ် SMS Campaign များ အလိုအလျောက်ပေးပို့၍ အခွန်ရုံးများ၏ ဝန်ဆောင်မှုအပေါ် ကျေနပ်မှုရှိ မရှိ၊ ဝန်ထမ်းများ၏ ဆက်ဆံရေး၊ မသင့်လျော်သော တောင်းဆိုမှုများရှိ မရှိနှင့် အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အခြေအနေများကို တိုက်ရိုက်မေးမြန်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ Public Feedback Programme သည် သက်ဆိုင်ရာ အခွန်ရုံးများသို့သာ တုံ့ပြန်ပေးပို့သည့်စနစ်မဟုတ်ဘဲ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုက်ရိုက်ချိတ်ဆက်ပေးပို့သည့် လွတ်လပ်သော စောင့်ကြည့်ကြပ်မတ်မှုစနစ်ဖြစ်ပါသဖြင့် အများပြည်သူ၏သဘောထားနှင့် တိုင်ကြားချက်များကို ပွင့်လင်းမြင်သာစွာ လက်ခံရယူနိုင်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်ခြေများကို ကြိုတင်ကာကွယ်နိုင်ရန် အရေးပါသောစနစ်တစ်ရပ်ဖြစ်ပါကြောင်း။

အခွန်စနစ် ပြုပြင်ပြောင်းလဲရေး၊ နည်းပညာကျယ်ပြန့်စွာ တိုးချဲ့ကျင့်သုံးရေးတို့ကို Digital Tax Ecosystem တည်ဆောက်နိုင်မှုနှင့် ကွန်ပျူတာ၊ Data Center၊ အင်တာနက်လွှမ်းခြုံမှု စသည့် အခြေခံအဆောက်အအုံ (Infrastructure) ဖြည့်ဆည်းဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ နိုင်ငံတစ်ဝန်းရှိအခွန်ရုံးများ၊ တစ်ဦးချင်းပုဂ္ဂိုလ် အခွန်ထမ်းပြည်သူများအထိ နည်းပညာအသုံးပြု၍ အခွန်ဝန်ဆောင်မှုပေးခြင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ အခွန်စနစ်အတွင်း အခွန်ဘဏ္ဍာငွေများ ပြည့်ဝစွာကောက်ခံရရှိရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး အခွန်စနစ်ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာနှင့်အညီ အခွန်ကောက်ခံရရှိမှုများ တိုးတက်လာစေရန်၊ သတင်းအချက်အလက်နှင့် နည်းပညာ ပိုမိုသုံးစွဲဆောင်ရွက်နိုင်စေရန်၊ ဝန်ထမ်းများနှင့် အခွန်ထမ်းပြည်သူများ၏ အခွန်ဆိုင်ရာ အသိစိတ်ဓာတ်နှင့် အခွန်ယဉ်ကျေးမှု မြင့်မားတိုးတက်လာစေရန် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အခွန်များရရှိရေးအတွက် ပြည်သူများအနေဖြင့် တာဝန်သိစွာ၊ အဂတိကင်းရှင်းစွာ ပူးပေါင်းဆောင်ရွက်သွားကြရန်အတွက် အခွန်ဌာနများ၊ အခွန်ထမ်းပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏သဘောထားကို မေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ဆန္ဒအရ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇူလိုင် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်


## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်

**ဗန်ကောက် ဇူလိုင် ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဇူလိုင် ၁၂ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွေးကောက်ခံအစိုးရသစ်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းရာတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုဖော်ဆောင်ရာတွင် အဓိကစိန်ခေါ်မှုများဖြစ်သည့် အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုစသည့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပပျောက်စေရန် ကြိုးပမ်းတိုက်ဖျက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ အာဆီယံက AHA Centre မှတစ်ဆင့်ပေးအပ်သည့် လူသားချင်း စာနာမှုအကူအညီများကို ခွဲခြားမှုမရှိဘဲ ဖြန့်ဝေပေးအပ်နေမှု အခြေအနေများနှင့် အစိုးရ၏ရှေ့လုပ်ငန်းစဉ်များ၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ သိမ်မွေ့နက်နဲသည့် နိုင်ငံရေးအခြေအနေကို နားလည်သဘောပေါက်ပြီး ပကတိမြေပြင်အခြေအနေများနှင့်ကိုက်ညီသည့် အပြုသဘောရှုမြင်သုံးသပ်မှုများပြုလုပ်ရန် တိုက်တွန်းပါကြောင်း၊ အာဆီယံတွင် မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ အမြန်ဆုံးပြန်လည်ရရှိရန် မျှော်လင့်ပါကြောင်းနှင့် အာဆီယံနှင့် အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ၎င်းတို့၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ရပ်တည်ချက်များကို အသီးသီးပြောကြားခဲ့သည်။ ယင်းသို့ပြောကြားရာတွင် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများအပေါ် အပြုသဘော ရှုမြင်လျက် ထောက်ခံဆွေးနွေးသကဲ့သို့ အချို့နိုင်ငံအနည်းငယ်က ပိုမိုမြင်သာသည့်တိုးတက်မှုကို တွေ့မြင်လိုပါကြောင်း ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ လက်ရှိ အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို ထိန်းသိမ်း၍ ပိုမိုတိုးတက်အကောင်အထည်ဖော်နိုင်ရေး၊ ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် အပြုသဘောတိုးတက်မှုများရရှိနိုင်ရေး၊ အာဆီယံထုတ်ပြန်ချက်ငါးရပ်တွင်ပါရှိသည့် ပဋိပက္ခများလျှော့ချရေးအတွက် ပိုမိုကြိုးပမ်းဆောင်ရွက်ရေး၊ ထိတွေ့ဆွေးနွေးမှုများ တိုးမြှင့်ပြုလုပ်ရေးနှင့် လူသားချင်းစာနာမှုအကူအညီများ ပိုမိုကျယ်ပြန့်စွာပေးအပ်နိုင်ရေး၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏လုပ်ငန်းစဉ်များတွင် အပြည့်အဝပါဝင်နိုင်ရေးအတွက် ဆက်လက်ထိတွေ့ဆက်ဆံသွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်တို့နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်အညီ မြန်မာနိုင်ငံကဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် မြန်မာပြည်သူလူထု၏ အကျိုးစီးပွားနှင့် အခြေခံအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်လျက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးကာလအတွင်း ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၊ ဇူလိုင် ၁၂ ရက်တွင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး မစ္စ မာရီယာ ထရက်ဆာ ပရဲညို လာဇာရို၊ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး-၂ ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာယာ ဟာဂျီ မိုဟာမက်ယူဆွတ်၊ စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှ်နန်နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လေဟွိုင်ချုံးတို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များနှင့် အာဆီယံတွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍနှင့် မူလအခွင့်အရေးများ ပြန်လည်ရရှိရေးအတွက် အပြုသဘော ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတက်ရောက်ပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဆီဟာဆက် ဖူဝန်ကေ့ကဲ့ဝို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၁၃ ရက်မှ ၁၄ ရက်ထိ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် ဆက်လက် သွားရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Swang Kim” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်းပျော်ဘွယ် ရပ်ကွက်နေ ထန်ထွန်းကိမ် ခေါ် ချင်းလေးအား ည ၇ နာရီခွဲတွင် အောင်မြေသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ● စိတ်ကြွဆေးပြားမှ

တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် နံနက် ၅ နာရီတွင် ကလေးမြို့ ပင်လုံရပ်ကွက်နေ ထက်အောင်နိုင် ခေါ် ကိုထက် ၃၆ နှစ်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအား စိတ်ကြွဆေးပြား ၁၀ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၅ နာရီခွဲတွင် ကလေးမြို့ အောင်မြေမာန်ရပ်ကွက် နယ်မြေ(၄)နေ မနှင်းအိဖြူ ခေါ် အိဖြူ ခေါ် အငယ်မ ၃၄ နှစ်၏ နေအိမ်ကို ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်နေ မမေသဇင်မိုး ခေါ် ထူကြီး ၃၃ နှစ်၊ ကလေးမြို့ အောင်မင်္ဂလာရပ်ကွက်နေ ရဲလင်း ၂၆ နှစ်၊ ညောင်တုန်းမြို့ အမှတ် (၁၀) ရပ်ကွက်နေ စိုးမိုးနိုင် ၂၂ နှစ်တို့ လေးဦးကို စိတ်ကြွဆေးပြား ၆ သောင်း ၉ ထောင်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ နံနက် ၈ နာရီတွင် ကလေးမြို့ စမ်းမြို့ရပ်ကွက် နယ်မြေ(၃)နေ ခင်မောင်ဦး ခေါ် ဖက်တီး ၃၆ နှစ်ကို စိတ်ကြွဆေးပြား ၉၉၉၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့၍ ဖမ်းဆီးမှုဖြစ်စဉ်တွင် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စုစုပေါင်းစိတ်ကြွဆေးပြား ခုနစ်သိန်း ဖမ်းဆီးရမိခဲ့သဖြင့် ထက်အောင်နိုင် ခေါ် ကိုထက်၊ မနှင်းအိဖြူ ခေါ် အိဖြူ ခေါ် အငယ်မ၊ မမေသဇင်မိုး ခေါ် ထူကြီး၊ ရဲလင်း၊ စိုးမိုးနိုင်၊ ခင်မောင်ဦး ခေါ် ဖက်တီးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“လက်နက်မဲ့ပြည်သူများကို ရက်စက်စွာရန်ရှာသတ်ဖြတ်နေကြသော နွေဦးတော်လှန်ရေး အကြမ်းဖက်များ”**ခေါင်းစဉ်ဖြင့် ၁၅-၇-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ၂၂-၇-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် **“သဘာဝဘေးကို ရင်စည်းခံနေရသော ပြည်သူများနှင့် အကြမ်းဖက်ဖျက်ဆီးရေးသမားတွေကြောင့် ကူညီခွင့်မရဘဲ လက်ပိုက်ကြည့်နေရသော ပရဟိတသမားများ”**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ❖ ဓာတ်အားပိတ်မှ

ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းကြံ့ခိုင်ကောင်းမွန်စေရန် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည် ဖြစ်သဖြင့် ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်နေစဉ် ၃၃ ကေဗွီ ဇေယျာဝတီဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ဖြူးမြို့၊ ဇေယျာဝတီမြို့၊ ကျွဲပွဲမြို့၊ အမြန်လမ်း ၁၁၅ မိုင် EV Charging Station များ ယာယီဓာတ်အားပြတ်တောက် နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ရေိယာအတွင်းရှိ ဌာနဆိုင်ရာများနှင့် EV Charging Station များကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၈ ခုနှစ်၊ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) နိုင်ငံတော်က အသိအမှတ်ပြုသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)၏နောက်တွင် ပုဒ်မခွဲ(ဍ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် -

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀) နှင့် ပုဒ်မ ၂၄ ပုဒ်မခွဲ(င)တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည်။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၈။ (က) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူတစ်ဦးသည် အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀-က။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကော်မရှင်ကသတ်မှတ်ထားသည့်အတိုင်း အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည်-"

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ ပါ " နံနက် ၆ နာရီ " ဆိုသည့်စကားရပ်ကို " နံနက် ၇ နာရီ "ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ " ညနေ ၄ နာရီ "ဆိုသည့်စကားရပ်ကို " ညနေ ၅ နာရီ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ " ၂ ရက်ကြိုတင်၍ " ဆိုသည့်စကားရပ်ကို " ၃ ရက်ကြိုတင်၍ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ " ညနေ ၄ နာရီ မတိုင်မီ "ဆိုသည့်စကားရပ်ကို " နံနက် ၉ နာရီမတိုင်မီ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ) တို့မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့်ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

---

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၈ ခုနှစ်၊ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) နိုင်ငံတော်ကအသိအမှတ်ပြုသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဌ)၏ နောက်တွင် ပုဒ်မခွဲ(ဍ) နှင့် (ဎ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဎ) ပုဒ်မ ၄ ပုဒ်မခွဲ (ဂ)အရ သတ်မှတ်ထားသည့်မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်းဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၄။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် -

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁)တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀) နှင့် ပုဒ်မ၂၄ ပုဒ်မခွဲ(င)တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ -

(၁) မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်းဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၅။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ)ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

စာမျက်နှာ ၂၉ သို့

# ၁၃၈၈(၂၀၂၆ ခုနှစ်) (၃၂)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၁၃

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၁၃၈၈ (၂၀၂၆ ခုနှစ်)၊ (၃၂)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၈ ဌာနတို့၌ ၂၀၂၆ ခုနှစ် ဇွန် ၅ ရက် (သောကြာ)နေ့မှ ဇွန် ၉ ရက်(အင်္ဂါ)နေ့အထိ ၅ ရက်တိုင်တိုင် ကျင်းပခဲ့သည်။

ယင်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ(၁၉၃၀၂)ပါးရှိပြီး ဖြေဆိုသည့်ပုဂ္ဂိုလ်ဦးရေမှာ (၁၃၇၉၇)ပါး ဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူဦးရေ စုစုပေါင်းမှာ (၆၇၄၇)ပါး ဖြစ်ရာ(၄၈ ဒသမ ၉၀)ရာခိုင်နှုန်း အောင်မြင်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်း ဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၁၀၅၉)ပါး၊ လေးကျမ်းအောင် (၇၉၀)ပါး၊ သုံးကျမ်းအောင် (၇၀၄)ပါး၊ နှစ်ကျမ်းအောင် (၉၇၄)ပါး၊ တစ်ကျမ်းအောင် (၁၅၂၂)ပါးတို့ ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင် (၁၀၅၉)ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် စိန်/၁၂၂၊ ရှင်ပညာနန္ဒာစာရာလင်္ကာရ အသက် (၂၀)နှစ်၊ အဘ ဦးငွေးလှိုင်၊ ကြာအင်းကျေးရွာ၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် မုံ/၂၂၊ ရှင်ကုဝေရ၊ အသက်(၂၁)နှစ်၊ အဘ ဦးသိန်းနိုင်၊ ထန်းပုရွာ၊ ဆားလင်းကြီး မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ သာသနာ့ရောင်ခြည်ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် စက/၃၀၄၊ ရှင်ကဝိန္ဒာစာရ၊ အသက်(၁၇)နှစ်၊ အဘ ဦးအေးဘ၊ ကွင်းသာရွာ၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ မဟာစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

(ဃ) သီလရှင် ပထမ ခုံအမှတ် မန်း/အမဇ/၁၂၈၊ မပညေသီ၊ အသက်(၃၂)နှစ်၊ အဘ ဦးမောင်ထူး၊ ချောင်းဆုံရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဓမ္မဝိဟာရီ သီလရှင်စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၉၀)ပါး၊ နှစ်ကျမ်းအောင် (၂၂၉)ပါး၊ တစ်ကျမ်းအောင် (၂၁၀)ပါးတို့ ဖြစ်ပါသည်။ သုံးကျမ်းအောင် (၉၀)ပါး တို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ် ဒဂရ/၇၊ အရှင်စန္ဒသာရာလင်္ကာရ၊ အသက်(၃၅) နှစ်၊ အဘ ဦးကျော်ဝင်း၊ ဒူးယားမြို့သစ်၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ တိပိဋကမဟာဂန္ထဝင်နိကာယ ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် ဒဂန/၁၊ အရှင်အဂ္ဂသီလ၊ အသက်(၄၂)နှစ်၊ အဘ ဦးကံမြင့်၊ ရွာသာရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် ဒဂရ/၅၊ အရှင်ပညာသာမီလင်္ကာရ၊ အသက်(၃၅) နှစ်၊ အဘ ဦးသောင်းညွန့်၊ ရွှေအိုင်ရွာ၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိပိဋကမဟာဂန္ထဝင်နိကာယ ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၄၆)ပါး၊ နှစ်ကျမ်းအောင် (၃၃)ပါး၊ တစ်ကျမ်းအောင် (၂၆)ပါးတို့ဖြစ်သည်။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၂၅)ပါး၊ နှစ်ကျမ်းအောင် (၁၇)ပါး၊ တစ်ကျမ်းအောင် (၉)ပါးတို့ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၂၈၃)ပါး၊ နှစ်ကျမ်းအောင် (၂၁၀)ပါး၊ တစ်ကျမ်းအောင် (၁၇၈)ပါးတို့ ဖြစ်ပါသည်။ သုံးကျမ်းအောင် (၂၈၃)ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ် မှော်/၄၆၊ ရှင်စန္ဒကိတ္တိလင်္ကာရ၊ အသက်(၁၈) နှစ်၊ အဘ ဦးဇော်ဦး၊ ပင်စိမ်းပင်ရွာ၊ ပင်းတယမြို့နယ်၊ ရှမ်းပြည်နယ်၊ ဖားအောက်တောရစာသင်တိုက်၊ မှော်ဘီ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် စက/၁၉၊ အရှင်ပညာပဇ္ဇောတာလင်္ကာရ၊ အသက် (၂၁)နှစ်၊ အဘ ဦးအောင်လင်း၊ လိန်တောရွာ၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်း မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် မင်္ဂလာ/၁၇၊ အရှင်ကဝိနန္ဒ၊ အသက်(၂၂)နှစ်၊ အဘ ဦးမြင့်ကျော်၊ အုပ်ကြီးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေး တိုင်းဒေသကြီး၊ မြရွှေပင်သဒ္ဓမ္မသုခပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁)(သုတ္တန္တပိဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၇)ပါး၊ လေးကျမ်းအောင်(-)ပါး၊ သုံးကျမ်းအောင်(-)ပါး၊ နှစ်ကျမ်းအောင် (၄)ပါး၊ တစ်ကျမ်းအောင်(-) ပါးတို့ ဖြစ်သည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(၂)(သုတ္တန္တပိဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၁)ပါး၊ လေးကျမ်းအောင် (၁)ပါး၊ သုံးကျမ်းအောင် (၂)ပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင်(-) ပါးတို့ ဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ပထမပိုင်း) နှစ်ကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် (၁၅၅)ပါး၊ တစ်ကျမ်း အောင် (၁၂၇)ပါးတို့ဖြစ်သည်။ နှစ်ကျမ်းအောင် (၁၅၅)ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) ခုံအမှတ် ဒဂရ/၁၊ အရှင်အာစာရာလင်္ကာရ၊ အသက် (၄၂)နှစ်၊ အဘ ဦးအောင်ဒင်၊ အင်းကြီးရွာ၊ ရွှာင်မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တိပိဋကမဟာဂန္ထဝင်နိကာယ ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး။ **(ပထမ)**

( ခ ) ခုံအမှတ် စိန်/၁၊ အရှင်စန္ဒသိရီလင်္ကာရ၊ အသက်(၂၅)နှစ်၊ အဘ ဦးစိုင်းကော်ခမ်း၊ လွိုင်စုံရွာ၊ တန့်ယန်းမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

( ဂ ) ခုံအမှတ် စက/၁၂၊ အရှင်စန္ဒိမာလင်္ကာရာဘိဝံသ၊ အသက် (၂၉)နှစ်၊ အဘ ဦးကြည်ဝင်း၊ တာဝရွာ၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်း မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ဒုတိယပိုင်း)လေးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင်(၃)ပါး၊ သုံးကျမ်းအောင် (၄)ပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင် (၁)ပါးတို့ ဖြစ်သည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋက)ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၈)ပါး၊ နှစ်ကျမ်းအောင် (၈)ပါး၊ တစ်ကျမ်းအောင် (၈)ပါးတို့ဖြစ်သည်။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) ဒီဃနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၄)ပါး၊ နှစ်ကျမ်းအောင် (၂)ပါး၊ တစ်ကျမ်းအောင် (၁)ပါးတို့ဖြစ်သည်။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက) သံယုတ္တနိကာယ် အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူမရှိ။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)အင်္ဂုတ္တိုရ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁)ပါး၊ နှစ်ကျမ်းအောင် (၃)ပါး၊ တစ်ကျမ်းအောင် (၂)ပါးတို့ ဖြစ်သည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(-) ပါး၊ နှစ်ကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာ ဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ဖြစ်သည်။

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) အဋ္ဌကထာ(မဟာဝိဒူ တန်း)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူ(၂)ပါးဖြစ်သည်။

၁၃၈၈ (၂၀၂၆ ခုနှစ်)၊ (၃၂)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကို ဝိဒူတန်းအုပ်စု(၉) အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု(၇) အုပ်စုတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၆၇၄၇ ပါး ဖြစ်သည်။

၁၃၈၈ (၂၀၂၆ ခုနှစ်)၊ (၃၂)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင် စာရင်းအပြည့်အစုံကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

---

စာမျက်နှာ ၂၈ မှအဆက်

၆။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က ပါ “နိုင်ငံရေးပါတီများ” ဆိုသည့် စကားရပ်ကို “နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ ပါ “ နံနက် ၆ နာရီ ” ဆိုသည့်စကားရပ်ကို “ နံနက် ၇ နာရီ ”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “ ညနေ ၄ နာရီ ”ဆိုသည့်စကားရပ်ကို “ ညနေ ၅ နာရီ ” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ “ ၂ ရက်ကြိုတင်၍ ” ဆိုသည့် စကားရပ်ကို “ ၃ ရက်ကြိုတင်၍ ” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “ ညနေ ၄ နာရီ မတိုင်မီ ” ဆိုသည့် စကားရပ်ကို “ နံနက် ၉ နာရီမတိုင်မီ ” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုး ရမည် -

“(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည် လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း တင်သွင်းရန်ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် လည်းကောင်း ယင်းသို့ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။”

၁၀။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈-က ၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“၈၈-ခ။ ကော်မရှင်သည် -

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက်ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) အရ ယင်းပါတီ ရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

( ခ ) ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က) ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကိုကြေညာရမည်။”

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို
သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၈၈ ခုနှစ်၊ ရက်
(၂၀၂၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) နိုင်ငံတော်က အသိအမှတ်ပြုသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဎ) ၏နောက်တွင် ပုဒ်မခွဲ(ဍ)နှင့် (ဎ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဍ) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း၊

(ဎ) ပုဒ်မ ၄ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသည့်မဲဆန္ဒနယ်မှ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သက်ဆိုင်ရာပါတီဝင်အဖြစ်မှ ပါတီစည်းမျဉ်းဖွဲ့စည်းပုံအရ နုတ်ထွက်ခြင်း သို့မဟုတ် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခံရခြင်း။"

၄။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည် -

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀) နှင့် ပုဒ်မ ၂၄ ပုဒ်မခွဲ (င) တို့အရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ-

(၁) မဲအများဆုံးရသူအနိုင်ယူစနစ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်းမရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည်။

(၂) အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

၅။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၈။ (က) ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ မဲဆန္ဒနယ်အတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းကလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ခ)ပါ မဲဆန္ဒနယ်အတွက် နိုင်ငံရေးပါတီကလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့် ရှိသည်။"

၆။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က ပါ "နိုင်ငံရေးပါတီများ" ဆိုသည့် စကားရပ်ကို "နိုင်ငံရေးပါတီများမှဗဟိုအလုပ်အမှုဆောင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၈။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့်စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီမတိုင်မီ" ဆိုသည့်စကားရပ်ကို "နံနက် ၉ နာရီ မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့မှအပ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခြင်းသည် ပျက်ပြယ်ကြောင်း ပုဒ်မ ၇၄ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မ ၇၅ ပုဒ်မခွဲ(ခ)အရ ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန်ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲ ခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည်လည်းကောင်း ယင်းသို့ ကြေညာသည့်နေ့မှစ၍ ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ ထွက်ပေါ်လာသည့် လွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရ။"

၁၀။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈-က၏ နောက်တွင် ပုဒ်မ ၈၈-ခ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၈၈-ခ။ ကော်မရှင်သည် -

(က) နိုင်ငံရေးပါတီတစ်ခုသည် မိမိဆန္ဒအလျောက်ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပုဒ်မ ၄၉ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) အရ ယင်းပါတီရရှိသော ဆန္ဒမဲရလဒ်များကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များအတွက် ပုဒ်မခွဲ(က) ပါ ပယ်ဖျက်လိုက်သည့် ဆန္ဒမဲရလဒ်များကို နုတ်ပယ်၍ ကျန်ရှိသော ခိုင်လုံမဲများကို သတ်မှတ်ထားသည့်အတိုင်း ပြန်လည်တွက်ချက်စေပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကို ကြေညာရမည်။"

---

## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| ရုံးချုပ်(နေပြည်တော်) | - | ၀၆၇-၃၄၀၅၀၉၉ |
| နေပြည်တော်ရုံး | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| တိုင်းဒေသကြီးရုံး(ရန်ကုန်) | - | ၀၉-၈၅၄၉၂၁၀၀၀ |
| တိုင်းဒေသကြီးရုံး(မန္တလေး) | - | ၀၉-၄၃၀၉၆၉၈၀ |

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

---

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**




## အမည်ပြောင်း

မန္တလေးမြို့၊ မိုးသောက်ပန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မနုနုဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးနိုင် ဖြစ်ပါကြောင်း။

ဦးအောင်မျိုးနိုင်(၅/အတန(နိုင်)၀၆၉၂၆၃)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-11 တွင် ပညာသင်ကြားနေသော မယွန်းယွန်းစံ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနိုင်လင်း ဖြစ်ပါကြောင်း။ ဦးနိုင်လင်း(၁၄/အဂပ(နိုင်)၁၃၈၀၄၀)

## ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂)ရပ်ကွက်နေ ရှောက်စမ်း (ဘ) ရှောက်ယွီး(၁၃/လရန(နိုင်)၀၉၁၁၂၈)၏ နိုင်ငံကူးလက်မှတ် အမှတ်(MG-658984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-2026345

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်နေ ဒေါ်သီသီခိုင် (ဘ) ဦးအေးရွှေ(၉/မနတ(နိုင်)၀၅၅၃၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-250694527

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး စက်ရုံ၊ အလုပ်ရုံများ ဆောင်ရွက်ထားရှိမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရှားပင်လှစိုက်ပျိုးမွေးမြူရေးခြံ၌ စနစ်တကျလယ်ယာမြေဖော်ထုတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မကွေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**Magway Hybrid Power Company**

ဦးစွာ နိုင်ငံတော်သမ္မတသည် မကွေးမြို့နယ် စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## ကလေးမြို့တွင် ငွေကျပ် ၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ခုနစ်သိန်း ဖမ်းဆီးရမိ



ထက်အောင်နိုင် ခေါ် ကိုထက်၊ မနှင်းအိဖြူ ခေါ် အိဖြူ ခေါ် အငယ်မ၊ မမေသဇင်မိုး ခေါ် ထူကြီး၊ ရဲလင်း၊ စိုးမိုးနိုင်၊ ခင်မောင်ဦး ခေါ် ဖက်တီးတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၃

ကလေးမြို့တွင် ငွေကျပ် ၁ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ခုနစ်သိန်း ဖမ်းဆီးရမိ၍ တရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ

စာမျက်နှာ ၂၇ ကော်လံ ၁ ●

## ၃၃ ကေဗွီ ဇေယျဝတီဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၊ ဇေယျဝတီမြို့၊ ကျွဲပွဲမြို့၊ အမြန်လမ်း ၁၁၅ မိုင် EV Charging Station များကို စဉ်ဆက်မပြတ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ တောင်ငူ(ဟင်းငုတ်ပင်) ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ ဇေယျဝတီဓာတ်အားလိုင်းနှင့် နီးကပ်လျက်ရှိသည့် သစ်ပင်သစ်ကိုင်းများ စာမျက်နှာ ၂၇ ကော်လံ ၄ ❖

**ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း** စာမျက်နှာ - ၃၀

**အဖြူရောင်ရွှေ ဝါနှင့် မြန်မာ့စီးပွားရေးနိုးထမှု** ဆောင်းပါး စာမျက်နှာ - ၈

**ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စန္ဒကူးမြိုင်ရိပ်သာကျောင်းတိုက်ဆရာတော်အား သတ်ဖြတ်၍ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ်ငါးသိန်း လုယက်ယူဆောင်သူတရားခံငါးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ** စာမျက်နှာ - ၁၀

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၃

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၁၇ ကော်လံ ၄ ■

